# ကြေးမုံ
# The Mirror

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (10-2-2005)(၄၅၀၅)


## တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခဲ့



အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစွာပထမ အားထုတ်လုပ်ကိုင်ခဲ့တဲ့အတွက် နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာလာခဲ့တယ်။ နိုင်ငံတော်ဟာ အေးချမ်း တည်ငြိမ်လာတာနဲ့အမျှ တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်ခဲ့တယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခုဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစတဲ့ စီမံကိန်းကြီးသုံးခုကို ကွန်ရက်ပမာချိတ်ဆက် ဖော်ဆောင်လျက်ရှိတယ်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ မြွက်ကြားသောမိန့်ခွန်းမှ–

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းဝန်ကြီးချုပ်ထံသဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သော ထိုင်းနိုင်ငံရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဒေါက်တာသက်ဆင်ရှင်နာဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ရင်းရင်းနှီးနှီး နှုတ်ဆက်

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)



# တိုင်းရင်းသားလူမျိုးတိုင်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်း နေထိုင်၍ မရနိုင် ခွဲခြား၍မရသည့်မိသားစုကြီးအဖြစ် ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် အစဉ်လက်တွဲရပ်တည် တိုင်းရင်းသားလူမျိုးများကို ပစ်မှတ်ထားပြီး စနစ်တကျ သပ်လျှိုဖြိုခွဲလုပ်ဆောင်နေသည့် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်များကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲတွန်းလှန်တိုက်ဖျက်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✧

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

10-2)inter.P65 1 1/2/32, 13:35

၁၀-၂-၂၀၀၅
(ကြာသပတေးနေ့)

# အရည်အသွေးမီကုန်ပစ္စည်းများထုတ်လုပ် ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေး ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီလ ၄ ရက်မှ ၇ ရက်အထိ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၊ အကောင်အထည်ဖော် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် စက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်၏ ဓနအင်အားတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု မြင့်မားရေးတို့အတွက် လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၇ ရက်နေ့က မော်လမြိုင်မြို့ မော်လမြိုင်ဘူတာ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်နှင့် ပေါင်မြို့နယ်ရှိ ပဒုမ္မာဆပ်ပြာစက်ရုံတို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးစဉ် ပဒုမ္မာဆပ်ပြာစက်ရုံ ရှင်းလင်းဆောင်၌ ကုန်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ **ပဒုမ္မာဆပ်ပြာဈေးကွက်ကို ပုံမှန်ခိုင်ခိုင်မာမာ ရရှိအောင် တည်ဆောက်သွားရမှာဖြစ်သည့်အပြင် သုံးစွဲသူအဆင့်အတန်းအလိုက် စိတ်ကြိုက်ဖြစ်စေမည့် အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးမျိုးကို တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ တစ်ချိန်၌ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည်အထိ အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးအစားစုံကို ထုတ်လုပ်နိုင်အောင် လိုအပ်သော အတတ်ပညာကို ရှာဖွေစုစည်းသွားကြရန် လိုကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုး တိုးတက်လာရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိရာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာပါဝင်သည်။

အထူးသဖြင့် နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိသည်။ ပြည်သူများ မွန်ပြည်နယ် မြို့တော်မော်လမြိုင်မြို့နှင့် မုတ္တမဘက်ကမ်းကို လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာနိုင်မည့် သံလွင်တံတား (မော်လမြိုင်)ကို ဖေဖော်ဝါရီလ ၅ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်) တံတားကြီးတွင် ရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်းတို့ကို ထည့်သွင်းတည်ဆောက်ပေးထားသည်။ ယခုအခါ မော်လမြိုင်ဘူတာနှင့် ချဉ်းကပ်ရထားလမ်းပိုင်းတို့ကို အချိန်မီပြီးစီးရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ချဉ်းကပ်ရထားလမ်းပိုင်းတွင် တံတား ၁၅ စင်း တည်ဆောက်သွားမည်ဖြစ်ရာ ခြောက်စင်းတည်ဆောက်ပြီးစီးလျက်ရှိပြီး မော်လမြိုင်ဘူတာ တည်ဆောက်ခြင်းလုပ်ငန်းမှာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက ပြည်သူများ လွယ်ကူလျင်မြန်စွာ ကူးသန်းဆက်သွယ်သွားလာနိုင်ရေး အစီအမံများကိုသာမက ပြည်သူများ စားဝတ်နေရေး ပြည့်စုံဖူလုံရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ အထူးသဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး အများပြည်သူသုံးနိုင်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရေး၊ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများတိုးပွားလာရေးအလေးထားဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီးရှိ ပဒုမ္မာဆပ်ပြာစက်ရုံသည် ပြည်သူတို့၏ လူသုံးကုန်ပစ္စည်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသော စက်ရုံတစ်ရုံဖြစ်သည်။ အဆိုပါစက်ရုံမှ ပဒုမ္မာအဝတ်လျှော်ဆပ်ပြာနှင့် အရောင်လေးမျိုး၊ အနံ့လေးမျိုးရှိသည့် သန့်စင်ကိုယ်တိုက်ဆပ်ပြာတို့ကို ထုတ်လုပ်လျက်ရှိသည်။

ပဒုမ္မာစက်ရုံအနေဖြင့် တစ်ချိန်တွင် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည်အထိ အရည်အသွေး ပိုမိုကောင်းမွန်သည့် ဆပ်ပြာအမျိုးအစားစုံ ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စီမံကိန်းလုပ်ငန်းများအချိန်မီပြီးစီးရေး၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အရည်အသွေးမီ ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ၂၀၀၅ ခုနှစ် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## နှစ်ရှည်စီးပွားရေးလျာထားချက်များ အင်ဒိုနီးရှား ထုတ်ပြန်ကြေညာ

ဂျကာတာ ဖေဖော်ဝါရီ ၈

**အင်ဒိုနီးရှားအစိုးရသည် ၂၀၂၅ ခုနှစ်ထက်နောက်မကျဘဲ အကောင်အထည်ဖော်ရန် ရည်မှန်းသော စီးပွားရေးဆိုင်ရာ လျာထားချက်များကို တနင်္လာနေ့က ထုတ်ပြန်ကြေညာလိုက်သည်။**

**ခန့်မှန်း**

လာမည့် နှစ် ၂၀ ကာလအတွင်း အင်ဒိုနီးရှားလူဦးရေသည် သန်း ၃၀၀ အထိ ရောက်ရှိလာမည်ဟု ခန့်မှန်းရပြီး မိမိတို့နိုင်ငံသည် ဒေသတွင်း၌ ကြီးမားသောဈေးကွက်တစ်ခုအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဈေးကွက်တစ်ခုအဖြစ်သို့ ရောက်ရှိလာရုံမျှမဟုတ်ဘဲ မိမိတို့နိုင်ငံ၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများ ဖြစ်ပေါ်စေသင့်ကြောင်း အမျိုးသားဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲရေး အေဂျင်စီအကြီးအကဲ သီရိမူယာနီအင်ဒရာဝါတီက ပြောကြားသည်။

**လျာထား**

၂၀၂၅ ခုနှစ်ထက် နောက်မကျဘဲ အင်ဒိုနီးရှားနိုင်ငံ၏ တစ်ဦးကျဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ အထိတိုးတက်လာစေရန်လျာထားကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ရရှိရေးတွင် ပြည်ပချေးငွေများပေါ်၌ မှီခိုအားထားမှု အဆုံးသတ်စေမည်ဖြစ်ကြောင်း အင်ဒရာဝါတီက ပြောကြားသည်။

လာမည့်နှစ် ၂၀ ကာလ၏ စီးပွားရေးလျာထားချက်များသည် အာဆီယံဈေးကွက်ဖြစ်ပေါ်ရေးကို ဦးတည်သည့် မျှော်မှန်းချက်များနှင့် အညီအညွတ်ဖြစ်သင့်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***




## အာရပ်-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ ဖိုရမ် ပေကျင်း၌ ဧပြီလ ကျင်းပမည်

အဘူဒါဘီ ဖေဖော်ဝါရီ ၈

***အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)စက်မှုလက်မှုနှင့် ကုန်သည်များအသင်းမှကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဧပြီလတွင် ပေကျင်းမြို့၌ကျင်းပမည့် အာရပ်-တရုတ်စီးပွားရေးလုပ်ငန်းရှင်များ ဖိုရမ်သို့တက်ရောက်မည်ဖြစ်ကြောင်း ခါလီတိုင်းသတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြလိုက်သည်။***

***ထိုဖိုရမ်က တရုတ်ပြည်နှင့် အာရပ်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနည်းလမ်းများကို ရှာကြံမည်ဖြစ်သည်။***

***နှစ်ဖက်စီးပွားရေးဆက်ဆံမှုအဆင့်တိုင်းတွင် တိုးမြှင့်ရန်အတွက် ထိုဖိုရမ်ကို ဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစင်မြင့်အဖြစ်ထားရှိရန် နှစ်ဖက်စလုံးက သဘောတူညီနိုင်သည်ဟုဆိုသည်။ အာရပ်-တရုတ် ပူးပေါင်းဆောင်ရွက်မှု လျင်မြန်စွာတိုးတက်လာခြင်းကို မကြာမီမြင်တွေ့ရမည်ဖြစ်ကြောင်း အာရပ်အဖွဲ့အတွင်းရေးမှူးချုပ် အမာမူဆာကပြောကြားသည်။*** အမ်အင်အေ၊ဆင်ဟွာ။

## အမေရိကန်၏ဖိအားပေးမှုသည် အမြင်ကျဉ်းမှုသာဖြစ်ကြောင်း ဆီးရီးယားပြောကြား

**ဒမတ်စကတ် ဖေဖော်ဝါရီ ၈**

ဆီးရီးယားနိုင်ငံသား တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အမေရိကန်၏ ဖိအားပေးမှုကို အမြင်ကျဉ်းမှုအဖြစ် ဝေဖန်တိုက်ခိုက်လိုက်ပြီး ဆီးရီးယားအစိုးရက အကြမ်းဖက်လုပ်ရပ်ကို ထောက်ခံသည်ဟု စွပ်စွဲချက်သည် အစ္စရေး ကျေနပ်စေရန် ရည်ရွယ်ခြင်းသာ ဖြစ်ကြောင်းကိုလည်း ပြောကြားသည်။

ဆီးရီးယားအစိုးရက ဒေသ၏ငြိမ်းချမ်းရေးအား အခွင့်အခါသင့်တိုင်း ဖျက်ဆီးရန် နည်းလမ်းရှာသည့် အနေဖြင့် အကြမ်းဖက်သမားများ အသုံးပြုနိုင်ရန် ၎င်း၏ နယ်မြေပိုင်နက်နှင့်လက်ဘနွန်နိုင်ငံ၏ အချို့သော အစိတ်အပိုင်းဒေသတို့ကို ယခုတိုင် သုံးခွင့်ပေးထားကြောင်း သမ္မတဘုရှ်က အမေရိကန်ပြည်ထောင်စုတစ်ဝန်းသို့ ဗုဒ္ဓဟူးနေ့က ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက အီရန်နှင့်ဆီးရီးယားနိုင်ငံတို့အကြောင်း ပြောကြားတိုင်း အမေရိကန်အတွက် မဟုတ်ဘဲ အစ္စရေးအစိုးရ၏ အာဘော်အဖြစ် ပြောကြားသွားခဲ့ကြောင်း ဆီးရီးယား ပြန်ကြားရေးဝန်ကြီး မဒီဒက်ခူလာက ဆင်ဟွာသတင်းဌာနနှင့်တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အမေရိကန်အစိုးရသည် အချက်နှစ်ချက်ကြောင့်ဆီးရီးယားကို ဆက်လက်ဖိအားပေးနေခြင်းဖြစ်သည်။ ပထမအကြောင်းတစ်ချက်မှာ ဆီးရီးယားအစိုးရအနေဖြင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စများတွင် ဘက်မလိုက်ဘဲ သီးခြားရပ်တည်နေနိုင်ခြင်းကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ ယင်းကဲ့သို့သော ဖိအားပေးမှုများကို ဆီးရီးယားအစိုးရက သဘောထား မပြောင်းလဲဘဲ ကြံ့ကြံ့ခိုင်ရပ်တည်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# လှည်းကူးမြို့နယ်၌ တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်( တောင်ပိုင်း )သို့ ဆက်လက်သယ်ဆောင် တိုင်းရင်းသားပြည်သူများက တစ်ခဲနက် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ရန်ကုန်　　ဖေဖော်ဝါရီ　　၉

**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေး အစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြရာ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တို့မှ ထောင်ပေါင်းများစွာသော တိုင်းရင်းသားပြည်သူများက တစ်ခဲနက် အင်တိုက်အားတိုက် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုအလေးပြုကြပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုအလံတော်ကို နံနက် ၉နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌စိုက်ထူလိုက်သည်။**



**ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာရာ ပြည်သူများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်းပြီး လမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။** (ကြေးမုံ)

ပြည်ထောင်စုအလံတော်အား ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်မှ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် အားကစားကွင်း၌ ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများစိုက်ထူရေး ဆပ်ကော်မတီအတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူး ဦးဇော်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဌာနခွဲမှူး ဦးဝင်းသန်းနှင့် ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကိုတီးမှုတ်သည်။

## အလေးပြု

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက နံနက် ၆နာရီ ၅၅မိနစ်တွင် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ ရဲအရာရှိလေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလျက် အားကစားကွင်းမုခ်ဦးသို့ သတ်မှတ်လမ်းကြောင်းအတိုင်းသယ်ဆောင်လာရာ မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွမ်း၍လည်းကောင်း၊ ဘင်ခရာအဖွဲ့ဝင်များက ဘင်ခရာများတီးမှုတ်၍ လည်းကောင်း၊ ပန်းဖွားအကများဖြင့်လည်းကောင်း၊ အင်းတိုင်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက ကဗျာလွတ်အကများဖြင့်လည်းကောင်း ဂုဏ်ပြုကြိုဆိုကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက အလေးပြုကြသည်။

ယင်းနောက် လှည်းကူးမြို့နယ် အားကစားကွင်းမုခ်ဦးအရောက်တွင် ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်သို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုအလံတော်ကို ဆက်လက်သယ်ဆောင်လာပြီး နံနက် ၇နာရီတွင် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌စိုက်ထူ၍ မန္တလေး-ရန်ကုန်လမ်းအတိုင်း သယ်ဆောင်လာရာ လှည်းကူးမြို့ပေါ်ရှိ ရပ်ကွက်များနှင့်ကျွန်းကလေးကျေးရွာတို့မှ ပြည်သူများက ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ပြည်ထောင်စုအလံတော် သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကြိုဆိုရေးမုခ်ဦးသို့ ရောက်ရှိလာရာ ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်းစည်တော်အဖွဲ့က စည်တော်ရွမ်း၍လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့မှ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့ဝင်များက ဘင်ခရာများတီးမှုတ်၍ ပန်းဖွားအကများဖြင့်လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍ တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိလေးဦး၊ တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအောင်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ကာ ပြည်ထောင်စုလမ်းအတိုင်း သယ်ဆောင်လာပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လှိုင်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လှိုင်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအလံတော်ကို အလံတော်သယ်ယူရေးအဖွဲ့များက ပြည်ထောင်စုလမ်းအတိုင်း ဆက်လက်သယ်ဆောင်လာပြီး ပြည်ထောင်စုလမ်းနှင့် ပုလဲရတနာလမ်းထောင့်အရောက်၌ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါ်နွယ်နီကျော် ဦးဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

## လွှဲပြောင်းပေးအပ်

ထိုမှတစ်ဆင့် အလံတော်သယ်ယူရေးအဖွဲ့များက ပြည်ထောင်စုအလံတော်ကို ဆက်လက်သယ်ဆောင်ကြပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းထိပ်ရှိ ကြိုဆိုရေးမုခ်ဦး၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာသိန်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က အားကစားကွင်းအထူးတန်းပွဲကြည့်စင်ရှေ့အရောက်၌ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ ပြည်ထောင်စုအလံတော်ကို သယ်ဆောင်ပြီး နံနက် ၉နာရီခွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် တက်ရောက်လာကြသောပြည်သူများက ပြည်ထောင်စုအလံတော်အား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြသည်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ တစ်ညတာရပ်နားလျက်ရှိသော ပြည်ထောင်စုအလံတော်ကို လာရောက်အလေးပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် တစ်ညတာရပ်နားသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းမှ စ၍ ဝန်ကြီးဌာနခုနစ်ခုမှ ပြခန်းများဖြင့်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များဖြစ်ကြသော တောင်ဒဂုံစက်မှုဇုန်(၁)၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ တောင်ဒဂုံစက်မှုဇုန်(၃)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)စက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်စက်မှုဇုန်၊ ရွှေပေါက်ကံစက်မှုဇုန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)စက်မှုဇုန်၊ သာကေတမြို့နယ်စက်မှုဇုန်၊ တောင်ဥက္ကလာပမြို့နယ်စက်မှုဇုန်တို့မှ စက်မှုထုတ်ကုန်ပြခန်း၊ မော်တော်ယာဉ်ထုတ်လုပ်မှုပြခန်းများဖြင့်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄မြို့နယ်မှ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေအရောင်းဆိုင် ၁၄ဆိုင်ဖြင့်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းများရောင်းချသည့် အရောင်းဆိုင် ၁၄ဆိုင်ဖြင့်လည်းကောင်း၊ အခြားအိမ်သုံး၊ လူသုံးကုန်ပစ္စည်းမျိုးစုံ အရောင်းဆိုင် ၂၃ဆိုင်ဖြင့်လည်းကောင်း ဖွင့်လှစ်ပြသရောင်းချလျက်ရှိပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ မော်ကွန်းရုပ်ရှင်များဖြင့် ဖျော်ဖြေပြသလျက်ရှိရာ လေ့လာကြည့်ရှုဝယ်ယူအားပေးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းတစ်ခုလုံး မီးရောင်စုံများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းညှိထားသဖြင့် လှပဝေဆာလျက်ရှိသည်။ (သတင်းစဉ်)

## (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

### ပျားနှင့် ယင်

☆ ပျားကောင်တွေ သဘာဝ
မြင့်လှတဲ့ သစ်ကိုင်းတွင်။
သန့်ရှင်း ချိုကြည်တဲ့
ပန်းဝတ်ရည် သယ်ဆောင် သုံးပါလို့
စည်းလုံးချစ်ခင်။
ပျားအုံကြီးတစ်ခုတွင်
ပျားကောင်လျှင် အသိန်း အသန်း။
ပျားတစ်ကောင် မထိလေနှင့်
အားဆောင်သည့် သဏ္ဌာန်ပုံဖြင့်
ရန် ကုန်အောင် မာန်ဟုန်သစ်လို့
တိုက်စစ်ဆင် တပ်လှန့်နှိုးတယ်
မျိုးချစ်စိတ်လွှမ်း။

☆ ယင်ကောင်တွေ သဘာဝ
နိမ့်ကျသည့် မြေပေါ်တွင်။
အပုပ် အစပ်တွေနဲ့
အဟုတ်မှတ်ကာ အညီအဟောက်ကိုမှ
စားသောက်ခုံမင်။
တစ်ကောင်နှင့် တစ်ကောင်လျှင်
ချစ်ခင်တဲ့စိတ်မရှိ။
သူ့အစာ ကိုယ်ဝင်လု
ကိုယ့်အစာ သူဝင်လု
လုယက်ကာ အစာမဲ့ရင်း
သေပွဲဝင်၏။

☆ ပျံနိုင်တာ တူတူချင်းပေမယ့်
စရိုက်ချင်း မိုးနဲ့မြေ။
ပျားနှင့်ယင် သဘာဝ
ကွာခြားလှပေ။
အမိမြေ နေခြည်အောက်မှာတဲ့
အမိမြေ ရေကြည်သောက်ပါလို့
ထွန်းပေါက်ခဲ့ ဒို့တစ်တွေ
ပျားတွေလို ဖြစ်သင့်သလား။
ယင်တွေလို ဖြစ်သင့်သလား။
ပျားဖြစ်ချင် ပျားလိုကျင့်
ယင်ဖြစ်ချင် ယင်လိုကျင့်
မြင့်မြတ်တဲ့ နှလုံးသားအသွင်နဲ့
အရှုံးသမား မဖြစ်ရေးကိုဖြင့်
မျိုးချစ်မာန် ဇာတိသွေးနှင့်
ရွေးသင့်တကား။ ။

မြင်းမူမောင်နိုင်မိုး

## ဝါဏိဇ္ဇဘွဲ့ရအသင်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ

**ရန်ကုန်　　ဖေဖော်ဝါရီ　　၉**

စီးပွားရေးတက္ကသိုလ် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် ဘွဲ့ယူမည့် B.Com, B.Act, B.B.A ဘွဲ့ရရှိသူများအား မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ပါမောက္ခဆရာကြီး ဦးဝီလျံပေါ် အထိမ်းအမှတ် ရွှေတံဆိပ်ဆုပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၃ရက် ညနေ ၆နာရီတွင် ကမာရွတ်မြို့နယ် အင်းလျားလမ်း ရွှေအင်းယားစားသောက်ဆိုင်တွင် ဝါဏိဇ္ဇဘွဲ့ရအသင်းမှကြီးမှူး၍ ကျင်းပမည်ဖြစ်ကြောင်းနှင့် တက်ရောက်လိုသူများ ဝါဏိဇ္ဇဘွဲ့ရများအသင်း ဖုန်း-၂၉၁၆၆၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)





(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

# ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ အစီအရီပေါ်ထွန်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်လည်း ပိုမိုခိုင်မာလာ

**ရွှေ့ဖုံးမှ**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုတိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

## အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားနှင့် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့ကို သမိုင်းတွင်ရစ်အောင် ဖော်ထုတ်ပြသရင်း လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို စတင် သန္ဓေတည်ပေးနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကြီးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အားလုံးအတွက် ထူးခြားမွန်မြတ်ပြီး အမျိုးသားရေးအနှစ်သာရနှင့် ပြည့်ဝလှသည့် နေ့ထူးနေ့မြတ်ကြီး တစ်နေ့ပင်ဖြစ်ကြောင်း။

ဤကဲ့သို့ မေ့ပျောက်မရနိုင်သည့် သမိုင်းဝင် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် အခမ်းအနားကြီးကို အမျိုးသားရေးအနှစ်သာရရှိရှိ နှစ်စဉ် အစဉ်အလာမပျက် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အထက်မြက်ဆုံး အမျိုးသားရေး အားမာန်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပိုမိုနိုးကြားခိုင်မာလာစေမှာ မလွဲဘူးဟု နိုင်ငံတော်အစိုးရက ယုံကြည်ခံယူထားပါကြောင်း။

## ဝမ်းမြောက်ဂုဏ်ယူမဆုံး

ထို့ကြောင့် သမိုင်းအစဉ်အလာ ကြီးမားလှသည့် ပြည်ထောင်စုနေ့ အခမ်းအနားကြီးတွင် ပါဝင်ဆင်နွှဲနိုင်ရန် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအသီးသီးက စုံစုံညီညီတက်ရောက်ခွင့်ရရှိကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမဆုံး ရှိနေကြလိမ့်မည်ဟုလည်း ယုံကြည်ထားကြောင်း။

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီနှင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ဆုံဆည်းကြပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှု အသီးသီးကို ဖော်ထုတ်ပြသခွင့်၊ အပြန်အလှန် လေ့လာဖလှယ်ခွင့်ရရှိကြသည့်အတွက် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီး ချစ်ခင်နားလည်စာနာမှုများ တိုးပွားလာမည်ဖြစ်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးများအကြား ပွားစည်းဖြစ်တည်နေပြီးဖြစ်သည့် ညီရင်းအစ်ကိုမောင်ရင်းနှမ စိတ်ထားများသည်လည်း ပိုမိုမြဲမြံခိုင်မာလာစေမှာဧကန်အမှန်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ဖြစ်တည်လာမှုသမိုင်းကြောင်းကို ကြည့်လျှင် မိမိတို့ နိုင်ငံတော်ကြီးသည် နိုင်ငံသူနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံမျိုးမဟုတ်ဘဲ မိသားစုကိုအခြေခံထားသည့် လူ့အဖွဲ့အစည်းတစ်ခု၏ အနှစ်သာရနှင့်အညီ တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် ပေါင်းစည်းယှက်နွယ်ပွားစည်းလာခဲ့ပြီး ဖြစ်တည်လာခဲ့သည့် ပြည်ထောင်စုကြီးဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

## ယှက်နွယ်ပေါင်းစည်း

နှစ်ပေါင်း ထောင်ချီရှည်လျားသည့် ပြည်ထောင်စုကြီး၏ ဖြစ်ထွန်းလာမှုသမိုင်းစဉ်တွင် မိသားစုများ ပေါင်းစည်းဖြစ်တည်လာသည့် ဆွေမျိုးစုများ၊ ဆွေမျိုးစုများ ပေါင်းစည်းဖြစ်တည်လာသည့် တိုင်းရင်းသားမျိုးနွယ်စုများ၊ တိုင်းရင်းသားမျိုးနွယ်စုများ ပေါင်းစည်းဖြစ်တည်လာသည့် တိုင်းရင်းသားလူမျိုးများ စသည်ဖြင့် အဆင့်ဆင့် ပေါင်းစည်းယှက်နွယ်ပွားစည်းလာခဲ့ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားလူမျိုးများ ယှက်နွယ်ပေါင်းစည်းထားသည့် "မြန်မာလူမျိုး" နှင့် "ပြည်ထောင်စု မြန်မာနိုင်ငံတော်"ဟူ၍ ယနေ့ ခိုင်ခိုင်မြဲမြဲ ရပ်တည်နေခြင်း ပင် ဖြစ်ကြောင်း။

ဤကဲ့သို့ မိသားစုကို အခြေခံပြီး ပေါင်းစည်းယှက်နွယ်ပွားစည်းလာမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့ ပြည်ထောင်စုကြီး၏ ထူးခြားသည့် ပင်ကိုအမျိုးသားရေး စရိုက်လက္ခဏာဖြစ်သည့်အလျောက် တိုင်းရင်းသားလူမျိုးတိုင်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်း နေထိုင်၍မရနိုင်ဘဲ ခွဲခြား၍မရသည့် မိသားစုကြီးအဖြစ် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် အစဉ်အမြဲ လက်တွဲ ရပ်တည်နေကြမည်မှာ သမိုင်းက ဖန်တီးပေးလာသော အမျိုးသားရေး ကံကြမ္မာပင် ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး ဥမကွဲ သိုက်မပျက် အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး၏ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေး အကျိုးစီးပွားအတွက် စိတ်တူကိုယ်တူလက်တွဲ ကြိုးပမ်းဆောင်ရွက်မှု၊ အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း သေအတူ ရှင်မကွာ အမြဲထာဝရ ပေါင်းစည်းယှက်နွယ်နေထိုင်သွားမည်ဆိုသည့် မိသားစုစိတ်ဓာတ် နိုးကြားခိုင်မာမှုတို့အပေါ်တွင် အဓိက တည်မှီလျက်ရှိသည် ဆိုသည်မှာ ထင်ရှားနေပြီဖြစ်ကြောင်း။

## လမ်းညွှန်မြွက်ကြားထား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်း အမှတ်စဉ် (၃၆)မှ သင်တန်းသား၊ သင်တန်းသူများအား သြဝါဒစကား မြွက်ကြားရာတွင် ပြည်ထောင်စုကြီး၏ မိသားစုအနှစ်သာရနှင့် ထူးခြားမွန်မြတ်သည့် ဝိသေသလက္ခဏာများကတောင်းဆိုနေသည့် အမျိုးသားရေး လိုအပ်ချက်များကို ရှင်းလင်းပြဆိုရင်း ဤအမျိုးသားရေး လိုအပ်ချက်များအပေါ် အခြေခံထားသည့် အမျိုးသားရေးမူဝါဒ၏ အရေးပါမှုကို လမ်းညွှန်မြွက်ကြား ထားပြီးဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားခဲ့ရာတွင် **"လူမျိုးစုပေါင်း တစ်ရာကျော်နဲ့ ပေါင်းစည်းဖြစ်တည်နေတဲ့ တို့ရဲ့ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား မျိုးနွယ်စုများအားလုံး တစ်သွေးတည်း တစ်သံတည်း တစ်စိတ်တည်း တစ်ဝမ်းတည်း နှလုံးစိတ်ဝမ်းညီမျှစွာ စိတ်တူကိုယ်မျှ ရှိနေစေရေးမှာ တစ်ဦးနဲ့တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီ ဖေးမမှု၊ အပြန်အလှန်မိုခိုအားထား ယုံကြည်မှုစတဲ့ စိတ်ဓာတ်ရေးရာ အခြေခံကောင်းတွေ ဖြစ်ထွန်းနေပြီး ဒီအခြေခံကောင်းများက ပေါက်ဖွားလာတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ် အစဉ်ထာဝရ မြဲမြံခိုင်မာနေစေဖို့ လိုအပ်တယ်။**

**အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို မောင်ရင်းနှမ စိတ်ဓာတ်နဲ့ သေတပန် သက်တစ်ဆုံး အေးအတူ ပူအမျှ သုခ၊ ဒုက္ခတွေ မျှဝေခံစားပြီး ဥမကွဲ သိုက်မပျက် အတူတကွ မခွဲမခွာ လက်တွဲပူးပေါင်း နေထိုင်သွားကြမယ်ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရ ကိန်းအောင်း ထွန်းကားပြန့်ပွားနေဖို့ လိုအပ်တယ်။**

**အလားတူပဲ တိုင်းတစ်ပါးရဲ့ ဗိုလ်ကျစိုးမိုးမှု၊ သြဇာပေးခြယ်လှယ်မှုတို့ကို တိုင်းရင်းသားများအားလုံး လက်တွဲရင်ဆိုင်တွန်းလှန်ပြီး တို့ရဲ့အမျိုးသားရေး အကျိုးစီးပွားအတွက် တို့ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်တဲ့ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်စေဖို့အတွက် တို့တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားနိုင်ဖို့ အရေးကြီးတယ်။**

**ဒါကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး သုံးပါးဖြစ်တဲ့ အမျိုးသားရေးမူဝါဒကို မောင်တို့မယ်တို့ ကိုယ်တိုင်က စွဲမြဲစွာ ယုံကြည်ခံယူထားကြဖို့ လိုအပ်တယ်"** ဟု လမ်းညွှန်မြွက်ကြားခဲ့ကြောင်း။

## အမျိုးသားရေးမူဝါဒကိုင်စွဲ

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် အမျိုးသားရေးမူဝါဒကို ခိုင်ခိုင်မြဲမြဲကိုင်စွဲပြီး မိမိတို့အစိုးရ၏ ပထမဆုံး လုပ်ငန်းစဉ်အဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးကို အောင်အောင်မြင်မြင် ပြန်လည်တည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေခဲ့ပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် တည်ငြိမ်ခိုင်မာသော ငြိမ်းချမ်းသာယာမှု အကျိုးရလဒ်ကောင်းများ စတင်ဖြစ်ထွန်းလာစေခဲ့သည့်အပြင် တည်ငြိမ်အေးချမ်းသာယာမှုအပေါ် အခြေခံသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကိုပါ တစ်ဆက်တည်း တည်ဆောက်ပေးနိုင်ခဲ့သည်ကို ပြည်ထောင်စုတိုင်းရင်းသား ကိုယ်စားလှယ်များအားလုံး ကိုယ်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယခင်ခေတ်ကာလက တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ခဲ့ရသည့် နယ်စပ်ဒေသများသည် ယခုအခါတွင် မြို့ကြီးပြကြီးများ ပေါ်ထွန်းလာမှုများ၊ ယခင်က ပညာသင်ကြားခွင့် အခွင့်အလမ်းကင်းမဲ့ခဲ့ရာက အခြေခံပညာသာမက အဆင့်မြင့် ပညာပါ တက်လှမ်းသင်ယူနိုင်သည့် အခွင့်အလမ်းများ ပေါ်ထွန်းလာမှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းလာမှုများစသည့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ အစီအရီ ပေါ်ထွန်းနေပြီဖြစ်ကြောင်း။

## သွေးခွဲအုပ်ချုပ်ခဲ့

အထူးသဖြင့် မြန်မာနိုင်ငံ၏ တောတောင်၊ လွင်ပြင်၊ မြစ်ချောင်းအင်းအိုင် ပေါများကြွယ်ဝပြီး ရေခြား မြေခြားဖြစ်နေသည့် ရေမြေသဘာဝ ကွာခြားမှုများကို ကိုလိုနီနယ်ချဲ့များက တလွဲအမြတ်ထုတ် အသုံးချပြီး တောင်ပေါ်နှင့် မြေပြန့်၊ ပြည်နယ်နှင့် ပြည်မ တမင်ခွဲခြားဖန်တီး သွေးခွဲအုပ်ချုပ်ခဲ့သည့်အတွက် ဖြစ်ပေါ်လာခဲ့ရသည့် တိုင်းရင်းသားလူမျိုးများအချင်းချင်း အနေစိမ်းခဲ့မှု၊ အဆက်အဆံနည်းခဲ့မှု ဆိုးမွေများသည် ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှု၏ အကျိုးကျေးဇူးကြောင့် တဖြည်းဖြည်း ပပျောက်လာခဲ့ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန် အမှီသဟဲပြုမှုတို့ တိုးပွားလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်လည်း ပိုမိုခိုင်မာလာနေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများ အားလုံး၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၊ အမျိုးအနွယ် စောင့်ရှောက်ထိန်းသိမ်းမှု အလေ့အထကောင်းများကို ကိုယ်စီကိုယ်စီ စောင့်ရှောက်ထိန်းသိမ်း မြှင့်တင်နိုင်စေရအောင် အားပေးစောင့်ရှောက်လျက်လည်းရှိကြောင်း။

## ချစ်ကြည်ရင်းနှီးမှုတိုးပွား

ဤသို့ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာကောင်းများကို စောင့်ရှောက်ထိန်းသိမ်းနိုင်သည့်အပြင် ယခုကဲ့သို့ ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် အခမ်းအနားကြီးများတွင် ဖော်ထုတ်ဖလှယ်ခွင့်ရရှိကြသည့်အတွက် ညီနောင်သွေးရင်း တိုင်းရင်းသားလူမျိုးများအားလုံး၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၏ အခြေခံချင်းတူညီမှု၊ ကိုယ်စီကိုယ်စီ၏ မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများကို အပြန်အလှန်နားလည်လေးစားမှု၊ ပြည်ထောင်စုကြီးအတွင်း ရိုးရာယဉ်ကျေးမှုချင်း ပေါင်းစည်းယှက်နွယ် ဖြစ်ထွန်းနေမှုတို့ကို ကိုယ်တွေ့သိမြင်ခံစားစေရပြီး တိုင်းရင်းသား လူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားဖြစ်ထွန်းလာလျက်လည်း ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးပွားထွန်းကားပြန့်ပွားလာမှုက ဖန်တီးဖော်ဆောင်ပေးလာသည့် စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ပိုမိုတိုးတက် မြင့်မားခိုင်မာလာစေရအောင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အားလုံးက သမိုင်းအစဉ်အလာ ကောင်းများနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အားသွန်ခွန်စိုက် ကြိုးပမ်းစွမ်းဆောင်ပေးရမည့် အချိန်အခါကို ရောက်ရှိနေပြီဟု ပြောကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်၊ အမျိုးသားရေး အားမာန် အစစ်အမှန်လည်းဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အားနည်းချည့်နဲ့ ပျက်ယွင်းစေရအောင် တိုင်းရင်းသားလူမျိုးများကို ပစ်မှတ်ထားပြီး စနစ်တကျ သပ်လျှိုဖြိုခွဲလုပ်ဆောင်နေကြသည့် ပြည်တွင်း ပြည်ပ အဖျက်အမှောင့်သမားများ၏ ဆိုးညစ်သည့် ရည်ရွယ်ချက်ကို မှန်ကန်သည့် အမျိုးသားရေးအသိနှင့် သိမြင်ရှောင်ရှားကြရန်နှင့် တိုင်းရင်းသားပြည်သူများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲ တွန်းလှန်တိုက်ဖျက်ကြရန်လည်း အထူးလိုအပ်လျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားပြည်သူအပေါင်း စိတ်အေးချမ်းမြေ့စွာ လူနေမှုဘဝ အဆင့်အတန်း မြင့်မြင့်မားမားရှိစေရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးတက်ထွန်းကားပြန့်ပွားပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန်တို့အတွက် လိုအပ်သည့် အခြေခံကောင်းများစွာကို ပြည်ထောင်စုကြီး၏ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

# ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန် အရေးကြီးဆုံးလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရှိရန်ဖြစ် ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး နယ်စပ်နှင့် ကျေးလက်ပါမကျန် ဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းနေ

ရန်ကုန် ဖေဖော်ဝါရီ ၉

**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် နံနက် ၉နာရီတွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ စင်းခန်းတံတားအနီး၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်၊ မန်စီမြို့နယ်၊ ရွှေကူမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုစည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အမှုဆောင်များနှင့် အသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗန်းမော်မြို့နယ် စင်းခန်းဒေသအတွင်းရှိ စင်းခန်း၊ ကောင်တုံ၊ စာဝတီ၊ ညောင်ပင်သာ၊ လက်ပံတန်း၊ ကျောက်အိုက်၊ နောင်မိုနှင့် မန်စီမြို့နယ် ဟန်ထက်ဒေသအတွင်းရှိ ဟန်ထက်၊ ကုန်းတိန်၊ မံမကောက်၊ ကွေ့ကြီး၊ မန်ဝိန်း၊ ရီရူးမန်ခန်ကျေးရွာများမှ ပြည်သူများ အင်အား ၁၅၅၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းမောင်သိန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဗန်းမော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့အတွင်းရေးမှူး ဦးမြင့်မောင်၊ ဗန်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ဝါဝါတင်၊ မန်စီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ဂျီးတောင့်နှင့် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ ရပ်မိရပ်ဖ ဦးထွန်းဇံတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မန်စီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စမ်းပပက ဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် ဗန်းမော်မြို့နယ် ဟန်းတဲရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်သန်းသန်းဌေးက ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ အသင်းဝင်မောင်မယ်များက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ မူပိုင်တေးသီချင်းဖြစ်သော ရာသက်ပန်ပြည်ထောင်စု တေးသီချင်းကို သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် သဘာပတိ ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းမောင်သိန်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး အေးအတူ ပူအမျှ ဉမကွဲသိုက်မပျက်နေထိုင်သွားရန် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ရှမ်းပြည်နယ် ပင်လုံမြို့၌ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြကြောင်း၊ ဤဆုံးဖြတ်ချက်ချခဲ့သည့်နေ့သည် မြန်မာ့သမိုင်းတွင် ပြည်ထောင်စုနေ့ဟူ၍ နေ့ထူးနေ့မြတ်ကြီး ဖြစ်လာခဲ့ကြောင်း။

ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် သူ့ကျွန်ဘဝက လွတ်မြောက်ခဲ့ကြကြောင်း၊ တိုင်းတစ်ပါးလက်အောက်က လွတ်မြောက်အောင် ကြိုးပမ်းခဲ့ကြသည့် တိုင်းရင်းသားအားလုံး၏ စည်လုံးညီညွတ်မှု မှတ်တိုင်ကြီးအဖြစ် နှစ်စဉ် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကျင်းပခဲ့ခြင်း ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်လည်း ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**အရေးကြီးဆုံးလိုအပ်ချက်**

ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နိုင်ရန် အရေးကြီးဆုံးလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရှိရန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မြဲအောင် အကောင်အထည်ဖော် ဆောင်ရွက်နေရသကဲ့သို့ ပဓာနကျသည့် လိုအပ်ချက်များဖြစ်သော နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့ကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသပါမကျန် နိုင်ငံတစ်နံတစ်လျား၊ အကြားအလပ်မရှိ ဟာကွက်မရှိ မျှတညီညွတ်စွာ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်းနေတာကို အားလုံးတွေ့မြင်ခံစားနေကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ အခြေခံကောင်းများကို ရင်းနှီးမြှုပ်နှံပေးနေခြင်းသည် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရတည်တံ့နေရန်ပင်ဖြစ်ကြောင်း။

ယခုအခါနိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ကြီးကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်ရောက်ရှိအောင် ပုံဖော်ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ ချမှတ်ထားပြီးဖြစ်သည့် သန္နိဋ္ဌာန်နှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။ မကြာခင်ရက်ပိုင်းမှာပင် နိုင်ငံတော်ကြီး၏ အနာဂတ်အတွက် အသက်တမျှ အရေးကြီးသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပတော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးက အမျိုးသားညီလာခံကြီးကို ထောက်ခံကြမှာဖြစ်ကြောင်း။

**အလေးအနက်**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်ကြောင်း၊ ဤရည်မှန်းချက်ပန်းတိုင်ရောက်အောင် အကောင်အထည်ဖော်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အမြန်ဆုံးအောင်မြင်ရေးအတွက် အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ပြည်သူလူထုတစ်ရပ်လုံးနှင့် လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မန်စီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထုရှန်က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ တင်ပြရာတွင် ပြည်ထောင်စုနေ့ကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းသည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစွမ်းအားကို တည်ဆောက်နိုင်ခြင်းဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်သည့် အစဉ်အလာကောင်းများအတွက် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင့်သန် ခိုင်မာစေရန်အတွက်ဖြစ်ကြောင်း။

တိုင်းရင်းသားတို့ သွေးစည်းညီညွတ်မှုရရှိခဲ့သည့် ပြည်ထောင်စုကြီး သန္ဓေတည် မွေးဖွားသန့်စင်ရာ ပင်လုံဒေသကို ဖွံ့ဖြိုးရေးအထူးဇုန်ကြီးအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သဖြင့် ယခုအခါ ပင်လုံဒေသသည် ပြည်ထောင်စုကြီး၏ ဘူမိနက်သန်အောင်မြေဆိုသည့် ဂုဏ်ဒြပ်နှင့်အညီ ဝင့်ထည်စွာ ရှိနေပြီဖြစ်ကြောင်း။

ယနေ့ နိုင်ငံတစ်ဝန်းလုံးကိုကြည့်လျှင် ငြိမ်းချမ်းရေး၏ အရသာကို ပြည်သူများ ပြည့်ပြည့်ဝဝခံစားနေရပြီ၊ တိုးတက်ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ပြည်သူများအားလုံး မျှဝေခံစားနေကြရပြီဖြစ်ကြောင်း။

ပြည်နယ်နှင့် တိုင်းဒေသအားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးကာ ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးကို ဖြစ်ပေါ်စေကြောင်း။

ယခုအခါ တိုင်းရင်းသားညီအစ်ကိုများအကြား ရရှိသည့် ညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် ပြည်ထောင်စုကြီးကို ထိပါးနှောင့်ယှက်အောင် ဖန်တီးနေသော အဖျက်သမားများ၏ရန်ကို ဝိုင်းဝန်းဖယ်ရှားပြီး ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲအောင် မိမိတို့အားလုံး လက်တွဲဆောင်ရွက်သွားကြပါစို့ဟု တင်ပြသွားသည်။

**ကြိုဆိုထောက်ခံ**

ထို့နောက် ရွှေကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ တင်ပြရာတွင် နိုင်ငံတော်ကြီးကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး ရည်မှန်းချက်နှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် လူထုပရိသတ်ကြီးအပါအဝင် မိမိတို့နိုင်ငံသားအားလုံး ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ ခိုင်မာသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧



**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ စင်းခန်းတံတားအနီး၌ ကျင်းပစဉ်။** (သတင်းစဉ်)

☆ **စာမျက်နှာ ၄ မှ**

နယ်မြေဒေသ အစိတ်အပိုင်းများအားလုံးတွင် ဟန်ချက်ညီညီ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိနေကြောင်း။

အဓိကအားဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောစွာဖြင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေးအတွက် ရေရှည်အာမခံနိုင်စေမည့် အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းလာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို မကြာမီရက်ပိုင်းအတွင်း ဆက်လက်ကျင်းပတော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဉမကွဲ သိုက်မပျက် အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသား ပြည်သူအားလုံးအတွက် အသက်တမျှ အရေးပါသည်ဆိုသည်ကို စွဲမြဲစွာ ယုံကြည်ခံယူကြပြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးက အစပြုလျက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော် ပြည့်မြောက်သည်အထိ မိမိတို့ ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန် ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့်

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူကြပြီး ပြည်ထောင်စုကြီး၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

➪ ကျောဖုံးမှ

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ပင်မ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပင်မဆောင်ရှေ့၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ပင်မဆောင်ရှိ ကမ္ပည်းမော်ကွန်းကြေးပြားဖွင့်လှစ်ခြင်း အစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)၊တိုင်းမှူးနှင့်ဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကြေးပြားကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ပင်မဆောင်ရှိ Operation Roomနှင့် စာသင်ဆောင်များ၌ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုတို့ကိုလှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ ဖွင့်ပွဲအစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်နန်းဆိုင်မွန်းခမ်းက အစိုးရကွန်ပျူတာကောလိပ် (ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် တည်ဆောက်ခဲ့မှုအခြေအနေ၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများ၊ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားလျက်ရှိသည့် အခြေအနေနှင့် သင်ကြားစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသည့် အနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ကွန်ပျူတာကောလိပ် ပင်မ အဆောက်အအုံသစ်ကြီး ဖွင့်လှစ်သည့် အခမ်းအနားဖြစ်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသသည် မြန်မာနိုင်ငံ အရှေ့ဖျား၌ ဝေးလံပြီး အစွန်အဖျားကျသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ဆိုသော်လည်း ဤဒေသအတွင်းတွင် ရှမ်းတိုင်းရင်းသားများသာမက ဗမာ တိုင်းရင်းသားများ၊ လားဟူ၊ အခါ၊ 'ဝ'စသည့် တိုင်းရင်းသားများ ရှေ့ပဝေသဏီကပင် ရေကြည်ရာ၊ မြက်နုရာ ရှာဖွေကြရင်း အတူတကွ စုပေါင်းနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စု ကလေးပင်ဖြစ်ကြောင်း၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး မရှိအတူ ရှိအတူ အေးအတူပူအမျှ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနှင့် နေလာကြသည့် မိမိတို့တိုင်းရင်းသားများသည် တစ်ချိန်က နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု၊ သွေးထိုးသပ်လျှိုခဲ့မှုများကြောင့်သံသယ တွေဝင်ပြီး တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင်၍ နှစ်ပေါင်းအတန်ကြာမျှ တိုက်ခိုက်လာခဲ့ကြသည့်အတွက် ဤဒေသသည် ငြိမ်းချမ်းသာယာမှု ပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျ ကျန်ရစ်ခဲ့ရကြောင်း၊ ၁၉၈၈ ခု မိမိတို့ တပ်မတော်အစိုးရ တာဝန်ယူခဲ့ရသည့် အချိန်ကစပြီး တိုင်းရင်းသား ပြန်လည်စည်းလုံး ညီညွတ်ရေးကို ကြိုးပမ်းတည်ဆောက်ခဲ့သည့်အတွက် ယခုဆိုလျှင် ဤဒေသသည် အေးချမ်းမှု၊ တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုများရှိလာပြီး ဒေသခံ တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ပရိယေသန ဝမ်းစာကို အေးအေးချမ်းချမ်း လုံလုံခြုံခြုံနှင့် စိတ်ချလက်ချ ရှာဖွေလုပ်ကိုင် စားသောက်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

### မျှဝေခံစားနေရ

နိုင်ငံတော်မှာ အေးချမ်းတည်ငြိမ်မှု ရှိမှလည်း စီးပွားရေး၊ လူမှုရေးစသည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၌ အေးချမ်းတည်ငြိမ်မှု၊ လုံခြုံမှုရှိလာသည်နှင့်အမျှ တစ်နိုင်ငံလုံးကိုဖြန့်ကြက်ပြီး တိုင်းရင်းသားအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းစသည့် စီမံကိန်းကြီးသုံးခုကို ချမှတ်ပြီးကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို တစ်နိုင်ငံလုံး တိုင်းရင်းသားအားလုံး မျှဝေခံစားနေကြရပြီဖြစ်ကြောင်း။

သာဓကအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကိုကြည့်လျှင် လေယာဉ်ကွင်းသစ်ကြီး တည်ဆောက်ပေးမှု၊ ကားလမ်းများပြုပြင်ပေးမှု၊ ကျန်းမာရေးအတွက် ခုတင်(၂၀၀) ဆံ့ ဆေးရုံကြီး ဆောက်လုပ်ပေးခဲ့ပြီး ကျွမ်းကျင်သည့် ဆရာဝန်များ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများဖြည့်ဆည်းပေးမှု၊ ပညာရေး အပိုင်းတွင်လည်း ဒီဂရီကောလိပ်၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုဆိုလျှင် အလွန်လှပခံ့ညားထည်ဝါလှသော ကျောင်းဆောင်သစ်ကြီး နှစ်ဆောင်ကိုပင်ငွေကြေးများစွာ အကုန်အကျခံပြီး ဆောက်လုပ်ပေးခဲ့ခြင်းများကို မြင်တွေ့နေကြရပြီဖြစ်ကြောင်း၊ ယခု ကွန်ပျူတာကောလိပ် ပင်မအဆောက်အအုံသစ်ကြီး ဖွင့်လှစ်သကဲ့သို့ပင် မကြာမီ၌ နည်းပညာကောလိပ် ကျောင်းဆောင် သစ်ကြီးကိုလည်း ဆက်တိုက်ဆိုသလို ဖွင့်လှစ်ပေးသွားမှာဖြစ်ကြောင်း။

### လက်တွဲဆောင်ရွက်

နိုင်ငံတော်အစိုးရအပိုင်းက နိုင်ငံ့တာဝန်များကို ကျေကျေပွန်ပွန် ထမ်းရွက်နေသကဲ့သို့ ဒေသခံပြည်သူများအပိုင်းကလည်း နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်သိသိဖြင့် မိမိတို့၏ ကိုယ်ကျိုးစီးပွားအပြင် ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက်ပါ နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းပြီးတက်ညီလက်ညီ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတော်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး ယင်းဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်များကိုလည်း တိုင်းရင်းသားအားလုံး မျှမျှတတနှင့် စဉ်ဆက်မပြတ် မျှဝေခံစားသွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဒေသခံပြည်သူများသည် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ၊ ဆေးရုံကြီးများ၊ ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်စသည့် စာသင်ကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲအောင်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေပေးသွားနိုင်အောင် ဝိုင်းဝန်းပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးကြပါ။

ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားများအား အတတ်ပညာပိုင်းဆိုင်ရာများ ပြည့်ပြည့်ဝဝ တတ်မြောက်ကျွမ်းကျင်သူများအဖြစ်သာမက လိမ္မာယဉ်ကျေးသူများ၊ ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်ခိုင်မာမာ ဖြစ်ထွန်းစေရအောင် ပြုစုပျိုးထောင်ပေးကြပါ။

ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်လည်း အနာဂတ်နိုင်ငံတော်ကြီး၏ ကံကြမ္မာသည် မိမိတို့၏ လက်တွင်ရှိသည်ဆိုသည့် အသိတရားဖြင့် မိမိတို့ သင်ယူနေသည့် အတတ်ပညာရပ်များ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် အားထုတ်ကြိုးပမ်းသွားကြပါ၊ ယနေ့ကမ္ဘာတွင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာရပ်များသည် ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေးစသည့် နယ်ပယ်ကဏ္ဍစုံ၌ လွှမ်းမိုးကြီးစိုးနေသည့်အလျောက် မိမိတို့နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာရပ်များကို ကြိုးစားလေ့ကျင့်သင်ယူသွားကြပါဟုတိုက်တွန်းမှာကြားသည်။

### လက်ဆောင်ပေးအပ်

ထို့နောက် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အတွင်းရေးမှူး(၁)၊ တိုင်းမှူးနှင့် ဝန်ကြီးတို့အား နောင်တုံဆောက်လုပ်ရေးကုမ္ပဏီမှ ဦးစိုင်းတစ်အောင်က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အစိုးရ ကွန်ပျူတာ ကောလိပ် (ကျိုင်းတုံ) မှာ ကျိုင်းတုံ–မိုင်းလားလမ်း ကျိုင်းတုံမြို့မှ လေးမိုင်ခန့်အကွာ ယန်းလုရွာအနီး၌ရှိပြီး မြေဧရိယာ အကျယ်အဝန်း ၃၃ ဒသမ ၁၁ ဧကပေါ်၌ တည်ဆောက်ထားခြင်း ဖြစ်သည်။

ပင်မဆောင်နှင့်အတူ စာသင်ဆောင် ၂၈ ခန်း၊ ကွန်ပျူတာခန်းနှစ်ခန်း၊ အုပ်ချုပ်ရေးနှင့် စီမံရေးရာ ရုံးခန်းများ၊ ဧည့်ခန်း၊စည်းဝေးခန်း၊စာကြည့်တိုက်၊ စုံညီစုဝေးခန်းနှင့် သင်ကြားရေးဌာန ခုနစ်ခန်းတို့ကိုပါ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားသည်။

### မွေးထုတ်ပြီးဖြစ်

အစိုးရ ကွန်ပျူတာ ကောလိပ် (ကျိုင်းတုံ)မှ ကွန်ပျူတာသိပ္ပံဘွဲ့၊ ဘွဲ့လွန်ကွန်ပျူတာသိပ္ပံ ဒီပလိုမာ (D.C.Sc)၊ ဘွဲ့လွန်ကွန်ပျူတာ သိပ္ပံဒီပလိုမာသင်တန်း( D.C.A )နှင့် ကွန်ပျူတာသိပ္ပံ (ဂုဏ်ထူးတန်း)ဘွဲ့ ရရှိပြီးသူ စုစုပေါင်း၅၃၇ ဦး မွေးထုတ် ပြီးဖြစ်သည်။ (သတင်းစဉ်)

# မိမိတို့နိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းလိုက်ပါနိုင်ရေး သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ ကြိုးစားလေ့ကျင့်သင်ယူ



### ကြည့်ရှုအားပေး

**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ပင်မဆောင်ရှိ Operation Room နှင့် စာသင်ဆောင်များအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)



**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့ အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ)ပင်မ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ကျေးလက်တံတားနှင့် လမ်းသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ရွာသာယာကျေးရွာရှိ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့တက်ရောက်ရာ ကျောင်းဆောင်သစ်ကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမောင်ဝင်းနှင့် ကျောင်းအုပ် ဒေါ်စန်းစန်းအေးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာဘက်ကမ်း၌ ပြုလုပ်သော (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေကျော်–ဥသျှစ်ကုန်းဆက်သွယ်သည့် ကညင်ချောင်းကူး သစ်သားတံတားဖွင့်ပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။အဆိုပါသစ်သားတံတားမှာအရှည်၁၉၅ပေ၊ အကျယ် ၁၃ပေ၊ အမြင့် ပေ၃၀ ရှိပြီး မြို့နယ်အသင်းနှင့် ဒေသခံအလှူရှင်များက ကျပ်သိန်း၁၅၀ခန့် အကုန်အကျခံကာတည်ဆောက်ခဲ့ခြင်းဖြစ်သည်။တံတားပြီးစီးသွားမှုကြောင့် ရေကျော်–ဥသျှစ်ကုန်းကျေးရွာများမှပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်ပြုလုပ်သည့် အင်္ဂပူ–နောင်မီး–ညောင်ကျိုး ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။ အဆိုပါလမ်းသစ်မှာ အရှည်၄ဒသမ၃မိုင်၊ အကျယ်၁၀ပေရှိပြီး မူလမြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဆင့်သို့ အဆင့်မြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

✧ စာမျက်နှာ ၅ မှ
စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရသည် စနစ်တကျတစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

**စနစ်တကျတည်ဆောက်**

ယခုအခါ အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ပြီဖြစ်တဲ့အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာမည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားရင်းဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်လုံး အောင်မြင်လာအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း။

နိုင်ငံတော်နဲ့ပြည်သူတစ်ရပ်လုံးတို့၏ အကျိုးစီးပွားအဖြစ်ပေါ်ထွန်းလာမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့အပါအဝင်ပြည်သူတစ်ရပ်လုံးက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲအောင်၊ ဤပြည်ထောင်စုကြီးကို စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် ဖော်ဆောင်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို တန်ဖိုးထားလေးစားပြီး ဝိုင်းဝန်းကြိုဆိုထောက်ခံကြပါစို့ဟုတိုက်တွန်းကြောင်း ဖြင့် တင်ပြသွားသည်။

ဆက်လက်၍ဗန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဆန်းဝင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ တင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရာ၌ ကျေးလက်စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍအပါအဝင်ကျေးလက်ရေရရှိရေး၊လမ်းပန်းဆက်သွယ်ရေး၊ပညာရေး၊ကျန်းမာရေး စသည့် ကဏ္ဍအသီးသီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့်အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုနိုင်ငံတော်နှင့်လည်းကောင်း၊ပြည်သူလူထုနှင့် လည်းကောင်းလက်တွဲပြီး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**တိုးချဲ့ဖောက်လုပ်**

နိုင်ငံတော်အနေဖြင့် ဗန်းဖော်ခရိုင်အတွင်းလမ်းပန်းဆက်သွယ်ရေးအဆင်ပြေ ချောမွေ့စေရန် ပေ ၁၀၀အောက် တံတားအစင်း ၁၅၀၊ ပေ ၁၀၀ အထက် တံတားရှစ်စင်း၊ ပေ ၁၈၀အထက်တံတားကြီးခြောက်စင်းတို့ကိုငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံ ဆောက်လုပ်ပေးခဲ့ကြောင်း၊ ဇန်နဝါရီ ၁၃ရက်က ဖွင့်လှစ်ခဲ့သည့် စင်းခန်းတံတားကြီးသည် အရှည်ပေ၄၆၀ရှိပြီး၊ အကျယ် ၃၆ပေရှိကာ ငွေကျပ်သိန်းပေါင်း ၈၅၀၀အကုန်အကျခံ တည်ဆောက်ပေးခဲ့ကြောင်း၊ကျောက်ခင်းလမ်းသစ် မိုင်ပေါင်း ၅၆ မိုင် ခြောက်ဖာလုံကိုလည်း တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အနေဖြင့် ဗန်းမော်ခရိုင်အတွင်းကျေးလက်နေပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတမံ၊ ရေလှောင်ကန် စုစုပေါင်း ၁၃ခု တည်ဆောက်ပေးနိုင်ခဲ့သည့် အတွက် လက်ရှိ လယ်မြေ ၄၅၂၁ ဧကကို အကျိုးပြုနေပြီဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရုံပါ နှစ်လက်မစက်ရေတွင်း ငါးတွင်း၊ ကွန်ကရစ် ရေတွင်းနှစ်တွင်း၊ လက်နှိပ်ရေတုံကင် ၁၀တွင်း၊အုတ်ရေကန်လေးလုံးတို့ကိုလည်း အသင်းကြီးနှင့် ပူးပေါင်းကာ ကျပ်သိန်းပေါင်း ၇၉ သိန်းကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ကြောင်း၊

ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်အသီးသီးတို့သည် ကျေးလက်စာသင်ကျောင်းများ ပြုပြင်တည်ဆောက်ခြင်း၊ ဥပမိရပ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း၊ ပညာသင်စရိတ်ထောက်ပံ့မှုများပြုလုပ်ခြင်း၊ ကျေးလက်နေပြည်သူများ စာမတတ်သူပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျောင်းသုံးပရိဘောဂပံ့ပိုးမှုများတွင် ငွေကျပ်ပေါင်း၁၁ သိန်းနှစ်သောင်းတစ်ထောင်ကို ကျေးလက်ပညာရေးကဏ္ဍများ၌ အသင်းအနေဖြင့် ပံ့ပိုးမှုများပြုလုပ်နိုင်ခဲ့ကြောင်း။

ကျေးလက်ဒေသစိုက်ပျိုးရေးအတွက် အသင်းအနေဖြင့် မံပုံအင် ရေလှောင်ကန် ရေထိန်းတံခါးကို ငွေကျပ် ၅၈၈၅၅၀ ဖြင့် ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊

ဗန်းမော်ခရိုင်အတွင်း ကျေးလက်ဒေသကျန်းမာရေး အခန်းကဏ္ဍများဖြစ်သည့် ကျေးလက်ကျန်းမာရေးဆေးခန်းများပြုပြင်တည်ဆောက်ခြင်း၊ ဆေးဝါးကုသခြင်းများတွင်လည်း ငွေကျပ် ၁၃၉၉၅၀၀အသင်းအနေဖြင့် ပါဝင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဗန်းမော်ခရိုင် အသင်းအဆင့်ဆင့်အနေဖြင့် စက်ရေတွင်းများ တူးဖော်ခြင်း၊ လက်နှိပ်တုံကင်များ ပြုလုပ်ခြင်း၊ ကွန်ကရစ်ရေကန်များ ပြုလုပ်ခြင်းများ တွင်လည်း ငွေကျပ် ၆၅၀၀၀၀ ပါဝင် ဆောင်ရွက်ခဲ့ကြောင်း။

ကျေးလက်လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက်လည်း တံတားဆောက်လုပ်ခြင်း၊ လမ်းများပြုပြင်ခြင်းများ၌ ငွေကျပ်၄၈၀၀၀၀ အသုံးပြုခဲ့ပြီးဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ဆက်လက်ပါဝင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက်ဗန်းမော်ခရိုင်အတွင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ကျေးလက်ရှိ မူလတန်းကျောင်းများအတွက် ငွေကျပ် ၇၆၅၀၀၀ တန်ဖိုးရှိ စာရေးခုံများ လှူဒါန်းခြင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းဆွေက ဗန်းမော်ခရိုင် ပညာရေးမှူး ဦးအုန်းငွေသို့ ပေးအပ်သည်။

**ထောက်ခံဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံခြင်းများနှင့် စပ်လျဉ်း၍ ဗန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုဘိုကျော်က ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ထောက်ခံခြင်းများနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ ဆန္ဒသဘောထားရယူပြီး အခမ်းအနားသို့တက်ရောက်လာကြသည့်လူထုကြီး၏ တစ်ခဲနက် ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အသင်းဝင်မောင်မယ်များက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ မူပိုင်တေးသီချင်းဖြစ်သော "ပြည်မြန်မာ" တေးသီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ဒို့ တာဝန်အရေးသုံးပါး ကြွေးကြော်သံများဖြင့် နံနက် ၁၀နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ပြည်ထောင်စုနေ့ကို ဂုဏ်ပြု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈နာရီတွင် စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးဇော်ဝင်းမိုး၊ ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကသာခရိုင်အတွင်းရှိ ကသာမြို့နယ်၊ ကောလင်းမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ဗန်းမောက်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ အင်းတော်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ကသာခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများစုစုပေါင်းအင်အား ၃၅၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်အေး၊ ရပ်မိရပ်ဖ ဦးမန်းတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးများအဖြစ် ကသာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်ဖြူဖြူဝင်းနှင့် ဒေါ်မူမူဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေ့ဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ ဆက်လက်၍ကသာမြို့နယ်ကျောက်ထုံးကြီးကျေးရွာ တွဲဖက် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ရာသက်ပန် ပြည်ထောင်စု" သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက်သဘာပတိ ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးစိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သိန်းကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ကသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်ဝင်းဝင်းက လည်းကောင်း၊ ကသာခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုများကို ကသာခရိုင် ဝန်းသိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးပိုင်က လည်းကောင်း တင်ပြကြသည်။

အဆိုပါ ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် ပတ်သက်၍ ကသာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်လွင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးထံမှ အတည်ပြုချက်ရယူပြီးအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

**အောင်မြင်စွာကျင်းပ**

ထို့နောက် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြကာ အခမ်းအနားကို နံနက် ၉နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညွှန့်ဆွေ၊ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၇ရက် မွန်းလွဲပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌တည်ဆောက်လျက်ရှိသော အမျိုးသမီးတပ်ခွဲ(၃) နှစ်ထပ်အိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးသားတပ်ခွဲ(၆) တပ်ခွဲရုံးတည်ဆောက်ရေးလုပ်ငန်းများနှင့် ရေလယ်ဆောင် မွမ်းမံပြုပြင်ရေးကိစ္စရပ်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ အဆောက်အအုံများ စံချိန်စံညွှန်းအတိုင်း အချိန်နှင့်တစ်ပြေးညီ တည်ဆောက်ပြီးစီးရေး၊ ပစ္စည်းများ အလေအလွင့်မရှိရေးတို့အတွက် တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၂-၂၀၀၅ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၀ ၆။ အကပဒေသာ
- ၈:၁၀ ၇။ (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၂:၅၀ ၁။ **၂၀၀၅ခုနှစ်ရွှေရတုနှစ် (၅၀)မြောက်ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ)(မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်း)**
- ၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရူပဗေဒ)
- ၅:၁၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၅။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၆။ အမျိုးသားညီလာခံဂုဏ်ပြုတေး
- ၆:၀၀ ၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၅ ၈။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"(အပိုင်း-၅)**
- ၇:၃၅ ၁၂။ Radio Free Asia အားလေ့လာခြင်း
- ၁၃။ ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန် မှာဒို့ဝန်တာ "အသီးတစ်ရာအညာတစ်ခု ဒို့ပြည်ထောင်စု(မကွေးတိုင်း)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **မြန်မာ့ရုပ်မြင်သံကြား ဇာတ်လမ်း "စည်းလုံးခြင်းရဲ့အရသာ" (ကိုကိုလင်းမောင်၊ မြတ်ကေသီအောင်၊) (ဒါရိုက်တာ- အေဝမ်းမောင်လှမျိုး)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။



# အသီးတစ်ရာ
# အညွှာတစ်ခု
# ဒို့ပြည်ထောင်စု



# စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ပဲခူးတိုင်း

**သီဟအောင်**

## (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး



နိုင်ငံတော် ထူထောင်ရေးလုပ်ငန်းသည် မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုဆီသို့ လက်ဆင့်ကမ်းပြီး စဉ်တိုက်ဆက်တိုက် အင်တိုက်အားတိုက် အကောင်အထည်ဖော်ကြရမည့်လုပ်ငန်းစဉ်ကြီး ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များမှာ များလည်း များပြားပြီး ကြီးလည်း ကြီးမားသည်။ ကျယ်လည်း ကျယ်ပြန့်ပြီး နက်လည်း နက်ရှိုင်းလှသည်။

မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရန် လိုအပ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံး အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်ဖြစ်ရန် လိုအပ်သည်။ အမျိုးသားရေးအင်အား ခိုင်မာတောင့်တင်းရန် လိုအပ်သည်။ စီးပွားရေး အခြေခံအဆောက်အအုံများ ပြည့်စုံ လုံလောက်ရန် လိုအပ်သည်။ စီးပွားရေးစွမ်းအားနှင့် လူမှုရေးစွမ်းအားများ ထွန်းကားမြင့်မားအောင် အားပေးမြှင့်တင်သွားရန်လည်း လိုအပ်သည်။

ယင်းကဲ့သို့ အထွေထွေလိုအပ်ချက်များနှင့် ပြည့်နှက်နေသော ၁၉၈၈ ခုနှစ်ကာလ မြန်မာနိုင်ငံ၌ အလိုအပ်တကာတို့၏ထိပ်ခေါင်၊ အလိုအပ်တကာတို့၏ထိပ်ဆုံး၊ အလိုအပ်ဆုံးအရာတစ်ခုလည်း ရှိနေခဲ့လေသည်။

ထိုကာလအခြေအနေကို မြင်သာထင်သာအောင် ဥပမာပြရလျှင် ပြည်ထောင်စုကြီးကို အရိုးတခြား၊အသားတခြား အစိတ်စိတ်အမွှာမွှာပျက်စီးအောင် ဖျက်ဆီးမည့် နယ်ချဲ့ကျားက ကျားချောင်းချောင်းနေချိန်ဖြစ်သည်။ အမိမြေ၏ အဆီကိုစား၊ အသားကိုမျိုကာ ဖရိုဖရဲပြိုကွဲအောင် ဖြိုခွဲမည့် ကြောင်သူတော်များ လက်ခမောင်းခတ်နေချိန်လည်း ဖြစ်သည်။

**တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကမူ ပြည်ထောင်စုကြီး၌ အရေးကြုံလာတိုင်း ပြည်သူတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်မည့်သူမှာ တပ်မတော်မှတစ်ပါး အခြားမရှိဟု သမိုင်းအစဉ်အလာကို သိထားကြသူများဖြစ်သည်။** ဤသို့ဖြင့် တပ်မတော်သည် တိုင်းရင်းသားပြည်သူများ အလိုရှိအပ်၊ တောင့်တအပ်သည့် ကွက်လပ်များစွာကို ဖြည့်ဆည်းပေးရန်အတွက် သမိုင်းရေးလိုအပ်ချက်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရသည်။

၁၉–၂–၂၀၀၂ ရက်နေ့၌ ကျင်းပခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ် အထူးအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

> **“ဒို့...ဒီနေ့ တိုင်းပြည်ရဲ့ ဒီနေရာမှာနေနေတာ အလကား နေနေတာမဟုတ်ဘူး၊ အနာဂတ်မှာ တိုင်းပြည်ကြီးဟာ ခေတ်မီ တိုးတက်ဖွံ့ဖြိုးတဲ့၊ အေးချမ်းသာယာတဲ့ နိုင်ငံကြီးတစ်ခု ဖြစ်ပေါ်လာအောင် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ နေ့မအားညမနား ကြိုးစားနေတာပဲဖြစ်တယ်။ ဒါလည်း အပြောနဲ့မဟုတ်၊ အလုပ်နဲ့ သက်သေပြနေတာပဲဖြစ်တယ်။ အခက်အခဲတွေ အများကြီးရှိတယ်။ အကျပ်အတည်းတွေ အများကြီးရှိတယ်။ ပြည်တွင်းပြည်ပ အနှောင့်အယှက်တွေ အများကြီး ရှိတယ်။ ဒီကြားထဲက တိုင်းပြည်ချစ်မြတ်နိုးတဲ့စိတ်နဲ့ မဖြစ်မနေ ကြိုးစားလုပ်ကိုင်နေတာပဲ ဖြစ်တယ်။ ဒီအနှောင့်အယှက်တွေ၊ အကျပ်အတည်းတွေသာမရှိရင် တိုင်းပြည်ဟာ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်လာမယ်၊ ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ရာမှာ ပိုမိုမြန်ဆန်လာမှာဖြစ်တယ်”**

ဟူ၍ မြွက်ကြားခဲ့သည်။

ကာလတွက်စစ်သော်(၁၆)နှစ်ကျော်မျှသာ ရှိပါဦးမည်။ ထူထောင်ရေးကာလ ဘာမျှမရှိသေးဟု ဆိုရမည်။ ထိုမျှတိုတောင်းလှသောအချိန်ကာလအတွင်းမှာပင် နိုင်ငံတော်သည် အောင်လံတလူလူဖြင့် ထူထူမတ်မတ်ရပ်တည်နိုင်ခဲ့ပြီ။ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ ပြည်နယ်/တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှု ကိုယ်စီကိုယ်ငဖြင့် ချီတက်နိုင်နေကြပြီဖြစ်သည်။

၅–၂–၂၀၀၄ ရက်နေ့၌ မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဆိုင်ရာများ မှာကြားသည့် အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

> **“နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးနိုင်သည်များကို အားပေးပံ့ပိုး ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်နယ်/တိုင်းဒေသအားလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်အနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဖိဖိစီးစီး အလုပ်လုပ်ကြရန် လိုအပ်ကြောင်း။**
>
> **ပြည်နယ်/တိုင်းအားလုံးသည် ယခုအခါ မိမိဒေသ မိမိပြည်နယ်/တိုင်း ဖွံ့ဖြိုးသည်ထက် ပိုမိုဖွံ့ဖြိုးအောင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတစ်ဦးချင်းအတွက်၊ မိမိပတ်ဝန်းကျင်ဒေသအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဖိဖိစီးစီးဆောင်ရွက်နိုင်မှသာ နိုင်ငံတော်တစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆက်လက် သယ်ဆောင်နိုင်မှာဖြစ်ကြောင်း၊ နောင်လာနောက်သားမျိုးဆက်သစ်များ ကောင်းစားရေးအတွက် ယနေ့ ပစ္စုပ္ပန်လူများ၌ တာဝန်ရှိရာ တာဝန်ကျေသူများဖြစ်အောင် ထိထိမိမိ အလုပ်လုပ်ကြရန် အရေးကြီးကြောင်း”**

လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်က နယ်မြေဒေသအသီးသီး ရွှေရောင်တောက်အောင်မြေတောင်မြှောက်ပေးလျက်ရှိသည်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံး ရွှေရည် ငွေရည်ဖျန်းပက်သလို လန်းတက်လာခဲ့သည်။ တပ်မတော်အစိုးရ၏ သစ္စာ နေခြည်အောက်၌ မေတ္တာရွှေရည်သောက်ကာ ရွှေဝါရောင်စပါးအခင်းခင်း၊ ငွေလွှာရောင်တံတားအစင်းစင်းဖြင့် အလှချင်းပြိုင်နေသော ပဲခူးတိုင်း၏ ယခင်နှင့်ယခု ဖွံ့ဖြိုးတိုးတက်မှုကို ပြုစုတင်ပြအပ်ပေသည်။

## ပဲခူးတိုင်း

ပဲခူးတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသကြီး၏ တောင်ဘက်ပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် မကွေးတိုင်းနှင့်မန္တလေးတိုင်း၊ အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၊ တောင်ဘက်တွင် ရန်ကုန်တိုင်း၊ အနောက်ဘက်၌ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့နှင့် တစ်သွေးတည်း တစ်သားတည်း ဆက်စပ်လျက် တည်နေသည်။ စတုရန်းမိုင်ပေါင်း ၂၄၇၉၃ ကျယ်ဝန်းပြီး ကရင်၊ ဗမာ၊ မွန်၊ ချင်း၊ ရခိုင်၊ ရှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၅၅၅၅၀၀၀ ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၂၂၄ ဦးဖြစ်သည်။

အနောက်ဘက်၌ ဧရာဝတီမြစ်စီးဆင်းပြီး အလယ်တွင် ပဲခူးရိုးမ တည်ရှိကာ အရှေ့ပိုင်း၌ စစ်တောင်းမြစ်နှင့် ပဲခူးမြစ်တို့ စီးဆင်းနေသည်။ အမြင့်ပေ ပျမ်းမျှ ၂၀၀၀ ရှိသော ပဲခူးရိုးမှအပ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် မြေနိမ့်လွင်ပြင်များသည်။

### စိုက်ပျိုးရေး

စိုက်ပျိုးရေး အခြေခံရှိသော ပဲခူးတိုင်း၏ မြေသယံဇာတများကိုလည်း နိုင်ငံတော်က အလဟဿမထား၊ အားထုတ် ကြိုးပမ်းမှု၊ တီထွင်ကြံဆမှုများဖြင့် တန်ဖိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ချောင်းရေကြီး မြစ်ရေလျှံလေ့ရှိသော ဒေသများမှ စိုက်ပျိုးမြေများကို ရေထိန်းတမံများဖြင့် ကာကွယ်ပေးသည်။ ရေမဝ၊ ရေမရသော ဒေသများမှ စိုက်ပျိုးမြေများ ဆည်ရေသောက်နိုင်ရေးအတွက် ဆည်တမံများ ဆောက်ပေးသည်။ လယ်ယာစီးပွားရေးကဏ္ဍ၌ နိုင်ငံတော်က အားထားရသည့် တိုင်းတစ်တိုင်းအဖြစ် ထွားကျိုင်းသည်ထက် ထွားကျိုင်းအောင် ပုံဖော်ပေးခဲ့သည်။

စိုက်ပျိုးမြေဧက ၃၁ သိန်းခန့်အထိရှိလာသော ပဲခူးတိုင်းအတွက် ဆည်တမံလုပ်ငန်းပေါင်း ၄၀၊ မြစ်ရေတင်စီမံကိန်း ၅၅ ခု၊ အခြားရေရရှိရေးလုပ်ငန်းများ ပေါင်းစုပြီး အကျိုးပြုဧရိယာဧက ၁၅ သိန်းအထိတက်လာအောင် ဖော်ဆောင်ခဲ့သည်။ ရွှေတောင်မြို့နယ်၌ ဧက ၈၀၀၀ အကျိုးပြုနတ်မော်နှင့် ဧက ၁၂၀၀ အကျိုးပြုရွှေတောင်၊ အုတ်ဖိုမြို့နယ်၌ ဧက ၁၅၀၀ အကျိုးပြုစဥ့်ကူးချောင်းဂေါင်၊ ပန်းတောင်းမြို့နယ်၌ရေပေးဝေရေးအတွက်တောင်မောက်နှင့် ကျီးပင်၊ ပေါက်ခေါင်းမြို့နယ်၌ ဧက၄၅၀၀နှင့် ဧက၆၂၅၀၀အကျိုးပြုတောင်နဝင်းနှစ်ခု၊ အုတ်တွင်းမြို့နယ်၌ ဧက ၂၀၀၀ အကျိုးပြုမင်းရဲနှင့် ဧက ၇၀၀၀ အကျိုးပြုစစ်တောင်း၊ ပြည်မြို့နယ်၌ ဧက ၁၀၅၂၀ အကျိုးပြုမတောင့်တ၊ တောင်ငူမြို့နယ်၌ ဧက ၂၀၀၀ စီ အကျိုးပြုသည့် ဆိတ်ဖူးတောင်နှင့်ကမ်းနီ၊ နတ်တလင်းမြို့နယ်၌ ဧက ၂၀၀၀ အကျိုးပြုရေသိုးနှင့် ဧက ၅၀၀၀၀ အကျိုးပြုတောင်ညို၊ ပဲခူးမြို့နယ်၌ ဧက ၂၀၀၀ အကျိုးပြုဇလပ်ထော်၊ ဧက ၆၅၀၀ အကျိုးပြုမဇင်း၊ ဧက ၁၂၅၀ အကျိုးပြု ရွှေပြည်(၃)၊ ဧက ၃၆၂၅၀ အကျိုးပြုဇောင်းတူနှင့် ဧက ၄၀၀၀အကျိုးပြု ပသိ၊ ဖြူးမြို့နယ်၌ ဧက ၅၀၀ အကျိုးပြု ငမြွေချောင်း၊ ဒိုက်ဦးမြို့နယ်၌ ဧက ၆၀၀၀ အကျိုးပြုဘောနီ၊ ပေါင်းတည်မြို့နယ်၌ ဧက ၄၅၀၀၀ အကျိုးပြုဝဲကြီး၊ ပန်းတောင်း၌ ဧက ၃၀၀၀ အကျိုးပြုညောင်ကိုင်း၊ ပြည်မြို့နယ်၌ ဧက ၁၄၀၀ အကျိုးပြု ကံကြီးကုန်း၊ လက်ပံတန်းမြို့နယ်၌ ဧက ၁၂၀၀၀ အကျိုးပြုသဲကော၊ ဝေါမြို့နယ်၌ ဧက ၂၅၀၀၀ အကျိုးပြု ရှမ်းကိုင်း၊ ရေတာရှည်မြို့နယ်၌ ဧက ၃၅၀၀၀ အကျိုးပြု ဆွာချောင်း၊သာယာဝတီမြို့နယ်၌ ဧက ၅၀၀၀၀ အကျိုးပြု သုံးဆယ်၊ ကဝမြို့နယ်၌ ဧက ၃၀၀၀၀ အကျိုးပြု ပိုင်ကျုံ၊ ကြို့ပင်ကောက်မြို့နယ်၌ ဧက ၃၀၀၀၀ အကျိုးပြု ဘော်ဘင်၊ မင်းလှမြို့နယ်၌ ဧက ၂၅၀၀၀ အကျိုးပြု ကံတင်ဘီးလင်း၊ ဒိုက်ဦးမြို့နယ်၌ ဧက ၂၄၅၀၀ အကျိုးပြု ကောလိယ၊ သနပ်ပင်မြို့နယ်၌ ဧက ၃၂၀၀၀ အကျိုးပြု တာဝ၊ ပဲခူးမြို့နယ်၌ ဧက ၁၀၀၀၀ အကျိုးပြု အလိုင်နီ၊ အုတ်ဖို မြို့နယ်၌ ဧက ၁၅၀၀၀ စီ အကျိုးပြုသည့် ဂမုန်းနှင့်မင်းလှ၊ ရေတာရှည်မြို့နယ်၌ ဧက ၃၀၀၀ အကျိုးပြု ချောင်းမကြီး(မြို့လှ)၊ ကဝမြို့နယ်၌ ဧက ၃၅၀၀၀ အကျိုးပြု ရွှေလေ့၊ ပန်းတောင်းမြို့နယ်၌ ဧက ၂၀၀၀ အကျိုးပြု ခဝါ စသည့် ဆည်တမံအစုအဖွဲ့များကို ကွက်ပြည့်နှင်း၍ ဖြည့်တင်းတည်ဆောက်ပေးခဲ့သည်။

အခြေအနေပေးသော ဒေသများ၌လည်း မြစ်ရေတင်လုပ်ငန်း ၅၅ ခု၊ ချောင်းမြောင်းတမံပိတ်ဆို့မှု ၁၂၀၆၃၊ မြေအောက်ရေတွင်း ၇၀၉၃ တို့ဖြင့် ထပ်မံအားဖြည့်ပေးခဲ့သဖြင့် သီးထပ်ဧရိယာ နှစ်ဆမက တိုးလာပြီး ဧက ၁၅ သိန်းကျော်အထိ ဖြစ်ထွန်းလာသည်။ မိုးစပါးဧက ငါးသိန်းခွဲ၊ နွေစပါး စိုက်ဧက တစ်သိန်းခုနစ်သောင်းခွဲ စိုက်လိုက်ကြသည်မှာ ခွဲနပ်ပဲနှင့်ဟု ဆိုရမည်။ စပါးစိုက်ပျိုးထုတ်လုပ်မှု တစ်ရှိန်ထိုးမြင့်တက်ခဲ့၍ တွက်ချက်ကြည့်ရာ ဒေသဝမ်းစာဖူလုံမှု ၂၁၁ ရာခိုင်နှုန်းရှိခဲ့သည်။ တစ်ဝက်ကို စားသုံးပြီး တစ်ဝက်ကို အများသုံးဖို့ ကြိုးပမ်းအားထုတ် ထုတ်လုပ်ပေးနိုင်ခြင်းပင် ဖြစ်သည်။

ပဲမျိုးစုံစိုက်ပျိုးတိုးတက်မှု အရှိန်အဟုန်ကလည်း အားရဖွယ်ကောင်းသည်။ ဧက ၁၃ သိန်းနီးပါး မြင့်မားလာသည်။ ဆီထွက်သီးနှံစိုက်ဧက သုံးသိန်းကျော်သည်။ ဈေးကွက်ခိုင်မာပြီး နှစ်ရှည် နိုင်ငံခြားဝင်ငွေ ရရှိစေမည့် ရော်ဘာစိုက်ဧက ငါးသောင်းနီးပါး ရှိနေသည်။

နီးကြားတက်ကြွနေသည့် ပဲခူးသားတို့နှင့် တိုးပွားထက်မြနေသည့် ပဲခူးမြေက ဤမျှနှင့် မကျေနပ်နိုင်သေးပေ။ မြေအသင့်၊ လူအသင့်နှင့် ဖူးပွင့်ရန် အသင့်ရှိနေသည်။ တပ်မတော်အစိုးရကလည်း ရေကန်အသင့်၊ ကြာအသင့်ဖြစ်အောင် အားပေးလျက်ရှိသည်။

ကျောက်တံခါးမြို့နယ်၌ ဧက ၁၁၈၅၀၀ အကျိုးပြုမည့် ရဲနွယ်၊ ဖြူးမြို့နယ်၌ ဧက ၁၂၀၀၀၀ အကျိုးပြုမည့် ဖြူချောင်း၊ အုတ်တွင်းမြို့နယ်၌ ဧက ၁၃၅၀၀၀ အကျိုးပြုမည့် ခပေါင်းနှင့်ဝေါမြို့နယ်၌ ဧက ၄၀၀၀၀ အကျိုးပြုမည့် မိုးယွန်းကြီး ရေလှောင်တမံကြီးများကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။

ရေကန်အသင့်ကြာအသင့်၊ မြေအသင့် လူအသင့်ဖြင့် ပဏ္ဏာတင်နေသော ပဲခူးတိုင်း၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို သားစဉ်မြေးဆက်တိုင် ခူးဆွတ် စားသုံးနိုင်လျက်ရှိကြောင်းကို အောက်ပါအခြေပြဇယားတွင် အားတက်ဖွယ် တွေ့ရှိနိုင်သည်–

**တစ်ဧကအထွက်နှုန်း–တင်း**
**စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)**

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **မြေသယံဇာတ** | | | |
| – စိုက်ပျိုးမြေဧရိယာ | ၂၈၂၅၁၆၅ | ၃၀၉၈၅၇၁ | ၂၇၃၄၀၃ |
| – မြေလွတ်မြေရိုင်း | ၆၃၄၈၉၃ | ၃၁၉၅၇၆ | – |
| **စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု** | | | |
| – ဆည်၊ကန်၊တာတမံ၊ရေနုတ် | ၉၆ | ၁၄၀ | ၄၄ |
| – ဆောင်ရွက်ပြီးလုပ်ငန်း | ၉၆ | ၁၃၆ | ၄၀ |
| – ဆောင်ရွက်ဆဲလုပ်ငန်း | မရှိ | ၄ | ၄ |
| – မြစ်ရေတင်လုပ်ငန်း | မရှိ | ၈၇ | ၈၇ |
| – ဆောင်ရွက်ပြီးလုပ်ငန်း | မရှိ | ၅၅ | ၅၅ |
| – ဆောင်ရွက်ဆဲလုပ်ငန်း | မရှိ | ၁ | ၁ |
| – ဆောင်ရွက်မည့်လုပ်ငန်း | မရှိ | ၃၁ | ၃၁ |
| – ချောင်းမြောင်းတမံပိတ်ဆို့မှု | မရှိ | ၁၂၀၆ | ၁၂၀၆ |
| – မြေအောက်ရေတွင်းများ | မရှိ | ၇၀၉ | ၇၀၉ |
| – စုစုပေါင်းအကျိုးပြုဧက | ၈၉၀၇၄၈ | ၂၃၈၇၇၃၆ | ၁၄၉၆၉၈၈ |
| **သီးထပ်ဧကဖြစ်ထွန်းမှု** | ၆၂၂၂၅၃ | ၁၅၁၀၉၁၁ | ၈၈၈၆၅၈ |
| **စပါးတိုးမြှင့်စိုက်ပျိုးမှု** | | | |
| – မိုးစပါးစိုက်ဧက | ၂၀၁၉၅၆၂ | ၂၅၆၀၁၃၅ | ၅၄၀၅၇၃ |
| – တစ်ဧကအထွက်နှုန်း | ၆၅.၄၃ | ၆၉.၅၂ | ၄.၀၉ |
| – နွေစပါးစိုက်ဧက | မရှိ | ၁၇၅၅၀၀ | ၁၇၅၅၀၀ |
| – တစ်ဧကအထွက်နှုန်း | မရှိ | ၈၀.၀၄ | ၈၀.၀၄ |
| – စုစုပေါင်းထုတ်လုပ်မှု | ၁၃၁၁၈၁ | ၁၉၆၄၅၅ | ၆၅၂၇၄ |
| – ဒေသဝမ်းစာဖူလုံမှု | – | ၂၁၁% | ၂၁၁% |
| ပဲမျိုးစုံစိုက်ဧကတိုးတက်မှု | ၂၇၂၇၈၆ | ၁၂၈၅၈၂၂ | ၁၀၁၃၀၃၆ |
| ဝါစိုက်ဧကတိုးတက်မှု | ၁၅၅၂၇ | ၃၃၉၇၅ | ၁၈၄၄၈ |
| ကြံစိုက်ဧက | ၄၅၄၀၇ | ၆၅၀၉၉ | ၁၉၆၉၂ |
| ရော်ဘာစိုက်ဧကတိုးတက်မှု | ၁၁၁၆၇ | ၄၉၈၇၂ | ၃၈၇၀၅ |

### မွေးမြူရေးနှင့်ရေလုပ်ငန်း

> **“လယ်ယာကဏ္ဍနှင့်အတူ အခြားစီးပွားရေးဆိုင်ရာကဏ္ဍများ အချိုးညီညီ တိုးတက်လာစေရေးအတွက် အာရုံစိုက်ဆောင်ရွက်ကြရန် လိုအပ်သည်။ စပါးငါးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို နိုင်ငံတော်က ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိက လုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်နိုင်အောင်လည်း အားပေးဆောင်ရွက်ကြရမည်”**

ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပဲခူးတိုင်း၏ မွေးမြူရေးနှင့် ရေ လုပ်ငန်းကဏ္ဍကိုလည်း တိုးမြှင့်ဖော်ဆောင်ပေးနေသည်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် တိရစ္ဆာန်ကောင်ရေ သိန်း ၄၀ ကျော် တိုးမြှင့်မွေးမြူနိုင်ခဲ့သည်။ ငါးမွေးမြူရေးကန်များနှင့် ပုစွန်မွေးရေပြင်များ ဆပွားတိုးတက်မှုကလည်း အားပါးတရ ရှိလှသည်။ ပဲခူးတိုင်း၏ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက မြေပေါ်မှာ စပါး၊ ရေထဲမှာငါးဟု ပြဆိုနေပါသည်–

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# ယာ ပဲခူးတိုင်း

## အကြို ဂုဏ်ပြုဆောင်းပါး

အကျိုးပြု ပိုင်ကျူ၊ ကြို့ပင်ကောက်မြို့နယ်၌ အကျိုးပြု ကံတင်ဘီးလင်း၊ ဒိုက်ဦးမြို့နယ်၌ ၀၀၀ အကျိုးပြု တာ၀၊ ပဲခူးမြို့နယ်၌ ဧက ပြုသည့် ဂမုန်းနှင့်မင်းလှ၊ ရေတာရှည်မြို့နယ်၌ ၀၀ အကျိုးပြု ရွှေလေ့၊ ပန်းတောင်းမြို့နယ်၌ ည့်နှင်း၍ ဖြည့်တင်းတည်ဆောက်ပေးခဲ့သည်။ ၅ ခု၊ ချောင်းမြောင်းတမံပိတ်ဆို့မှု ၁၂၀၆၃၊ ဒီးထပ်ဧရိယာ နှစ်ဆမက တိုးလာပြီး ဧက နေ့စပါး စိုက်ဧက တစ်သိန်းခုနစ်သောင်းခွဲ ုပ်မှု တစ်ရှိန်ထိုးမြင့်တက်ခဲ့၍ တွက်ချက် ်ကို စားသုံးပြီး တစ်ဝက်ကို အများသုံးဖို့

ာင်းသည်။ ဧက ၁၃ သိန်းနီးပါး မြင့်မား င်မာပြီး နှစ်ရှည် နိုင်ငံခြားဝင်ငွေ ရရှိစေမည့်

ပဲခူးမြေက ဤမျှနှင့် မကျေနပ်နိုင်သေးပေ။ အစိုးရကလည်း ရေကန်အသင့်၊ ကြာအသင့်

ဖြူးမြို့နယ်၌ ဧက ၁၂၀၀၀၀ အကျိုးပြု ည့် ခပေါင်းနှင့်ဝေါမြို့နယ်၌ ဧက ၄၀၀၀၀ ည်ဆောက်ပေးလျက်ရှိသည်။

င့်နေသော ပဲခူးတိုင်း၏ စိုက်ပျိုးရေးကဏ္ဍာ ် စားသုံးနိုင်လျက်ရှိကြောင်းကို အောက်ပါ

**ဘွက်နှုန်း-တင်း**

**စုစုပေါင်းထုတ်လုပ်မှု-တင်း(ထောင်)**

| ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|
| ၃၀၉၈၅၇၁ | ၂၇၃၄၁၃ |
| ၃၁၉၅၇၆ | - |
| ၁၄၀ | ၄၄ |
| ၁၃၆ | ၄၀ |
| ၄ | ၄ |
| ၈၇ | ၈၇ |
| ၅၅ | ၅၅ |
| ၁ | ၁ |
| ၃၁ | ၃၁ |
| ၁၂၀၆ | ၁၂၀၆ |
| ၇၀၉ | ၇၀၉ |
| ၂၃၈၇၇၃၆ | ၁၄၉၆၉၈၈ |
| ၁၅၁၀၉၁၁ | ၈၈၈၆၅၈ |
| ၂၅၆၀၁၃၅ | ၅၄၀၅၇၃ |
| ၆၉.၅၂ | ၄.၀၉ |
| ၁၇၅၅၀၀ | ၁၇၅၅၀၀ |
| ၈၀.၀၄ | ၈၀.၀၄ |
| ၁၉၆၄၅၅ | ၆၅၂၇၄ |
| ၂၁၁% | ၂၁၁% |
| ၁၂၈၅၈၂၂ | ၁၀၁၃၀၃၆ |
| ၃၃၉၇၅ | ၁၈၄၄၈ |
| ၆၅၀၉၉ | ၁၉၆၉၂ |
| ၄၉၈၇၂ | ၃၈၇၀၅ |

**ည်ညီ တိုးတက်လာစေရေးအတွက် အာရုံစိုက် န်းကို နိုင်ငံတော်က ဆောင်ရွက်နေသကဲ့သို့ အားပေးဆောင်ရွက်ကြရမည်"**

းတိုင်း၏ မွေးမြူရေးနှင့် ရေ လုပ်ငန်းကဏ္ဍာ က်၊ ကြက်၊ ဘဲ စသည့် တိရစ္ဆာန်ကောင်ရေ ွန်မွေးရေပြင်များ ဆပွားတိုးတက်မှုကလည်း ကဏ္ဍာ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**




## (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

ပဲခူးတိုင်း ပြည်မြို့နယ် ပြည်-ဆင်တဲလမ်းပေါ်၌ ဧရာဝတီမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသည့် ၄၁၈၃ ပေရှည် နဝဒေးတံတားကြီးသည် ခရီးလမ်းပန်း ဆက်သွယ် သွားလာမှု လွယ်ကူ ချောမွေ့ရေးကို အထောက်အကူပြုလျက်ရှိသည်။



# ၁၉၈၈ခုနှစ်နောက်ပိုင်း

# ပဲခူးတိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း



ပဲခူးတိုင်း အနောက်ခြမ်း သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသည့် သုံးဆယ်ရေလှောင်တမံကို တွေ့ရစဉ်။

ပဲခူးတိုင်း ထုံးဘိုမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (အပေါ်ပုံ) နှင့် ပဲခူးတိုင်း ရွှေကျင်မြို့တွင် တည်ဆောက် ဖွင့်လှစ်ပေးထားသည့် ခုတင် (၁၀၀) ဆံ့ ဆေးရုံကြီးကို တွေ့ရစဉ်။ (အောက်ပုံ)



စာမျက်နှာ ၈ မှ

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| တိရစ္ဆာန် တိုးချဲ့မွေးမြူမှု | ၈၇၄၀၀၀၀ | ၁၂၇၇၉၀၀၀ | ၄၀၃၉၀၀၀ |
| **ငါးပုစွန် တိုးချဲ့မွေးမြူမှု** | | | |
| – ငါးမွေးမြူရေးကန် | ၂၅၂၀.၉၄ | ၁၇၃၄၁.၁၈ | ၁၄၈၂၀.၂၄ |
| – စပါးငါးတွဲဖက်စိုက်ပျိုးမှု(ဧက) | မရှိ | ၂၆၈၇ | ၂၆၈၇ |
| – ကောင်ရေ(သိန်း) | မရှိ | ၁၃.၄၄ | ၁၃.၄၄ |
| – ပုစွန်မွေးမြူရေပြင်(ဧက) | မရှိ | ၁၈၃.၅၀ | ၁၈၃.၅၀ |
| **– ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှု** | | | |
| – ထုတ်လုပ်မှု(သိန်း) | ၁၀.၀၂ | ၄၇၃.၆၀ | ၄၆၃.၅၈ |
| – မျိုးစိုက်မှု(သိန်း) | ၂.၁၅ | ၃၁၀.၆၈ | ၃၀၈.၅၃ |
| – ရောင်းချမှု(သိန်း) | ၇.၅၂ | ၁၆၂.၉၂ | ၁၅၅.၄၀ |
| ဧရာဝတီမြစ်ထဲ ငါးမျိုးထည့်မှု(သိန်း) | မရှိ | ၁၀၀.၀၀ | ၁၀၀.၀၀ |

## သစ်တောပြုစုပျိုးထောင်မှု

နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတသည် ရေမြေတောတောင်နှင့် ရာသီဥတုဖြစ်သည်။ တောတောင်ပျက်စီးပါက မြေလည်းပျက်၊ ရေလည်း ပျက်စီးကာ ရာသီဥတုဖောက်ပြန်လာသဖြင့် သစ်တောများမပျက်စီးစေရေး အတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဟူသော ဩဝါဒနှင့်အညီ ပဲခူးတိုင်း၌ သစ်တောများ မပြုန်းတီး မပျက်စီးရအောင် ပြုစုပျိုးထောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ဒေသခံပြည်သူများကလည်း မိမိတို့ ပတ်ဝန်းကျင်ရှိ သစ်တောများ ပြုန်းတီးမှုမရှိစေရန် အလေးထားထိန်းသိမ်း ကာကွယ်လျက်ရှိသည်။ သစ်တော စိုက်ခင်းအသစ်များ ဖြစ်ထွန်းလာစေရန် နှီးနှောတက်ကြွစွာဖြင့် ပူးပေါင်းကူညီလုပ်ဆောင်လျက်ရှိနေသဖြင့် ပဲခူးတိုင်း၌ သစ်တောစိုက်ခင်းများ တိုးပွားလျက်ရှိနေသည်ကို အောက်ပါနှိုင်းယှဉ်ချက် ဇယားတွင် တွေ့ရှိနိုင်သည်–

***စတုရန်းမိုင်**

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| ကြိုးဝိုင်းတော* | ၅၁၈၀ | ၅၂၇၂ | ၉၂ |
| ကြိုးပြင်ကာကွယ်တော* | မရှိ | ၅၇၃ | ၅၇၃ |
| သဘာဝနယ်မြေဧရိယာ* | မရှိ | ၄၀ | ၄၀ |
| **စိုက်ခင်းထူထောင်ခြင်း(ဧက)** | ၂၄၉၀၀ | ၂၉၂၅၉၃ | ၂၆၇၆၉၃ |
| – ကျွန်းအထူးစိုက်ခင်းဧက | မရှိ | ၆၃၀၀၀ | ၆၃၀၀၀ |
| – စီးပွားရေးစိုက်ခင်းဧက | ၁၈၉၆၀ | ၁၄၁၄၇၃ | ၁၂၂၅၁၃ |
| – ကျေးရွာသုံးစိုက်ခင်းဧက | ၁၁၅၀ | ၃၂၂၆၀ | ၃၁၁၁၀ |
| – စက်မှုကုန်ကြမ်းစိုက်ခင်းဧက | ၄၇၉၀ | ၃၁၃၉၀ | ၂၆၆၀၀ |
| – ရေဝေရေလဲစိုက်ခင်းဧက | မရှိ | ၂၄၄၇၀ | ၂၄၄၇၀ |
| သစ်ဆိမ့်ပင်စိုက်ခင်းဧက | မရှိ | ၅၁၅၀ | ၅၁၅၀ |
| လူထုလုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်း | ၀.၅၀ | ၁၅.၅၇ | ၁၅.၀၇ |
| **ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး** | | | |
| – သစ်ထင်းစိုက်ခင်းဧက | မရှိ | ၉၀ | ၉၀ |
| – ရေဝေရေလဲစိုက်ခင်းဧက | မရှိ | ၁၆၀၀ | ၁၆၀၀ |
| – သစ်ဆိမ့်စိုက်ခင်းဧက | မရှိ | ၂၀၀ | ၂၀၀ |
| – သဘာဝတောထိန်းသိမ်းမှုဧက | မရှိ | ၂၀၀၀ | ၂၀၀၀ |
| **ထင်းအစားထိုးလောင်စာ** | | | |
| – စွမ်းအားမြင့်မီးဖို | မရှိ | ၁၂၀၀ | ၁၂၀၀ |
| – လောင်စာတောင့် | မရှိ | ၂၀၀၀၀၀ | ၂၀၀၀၀၀ |
| – စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း(တန်) | မရှိ | ၃၅၀ | ၃၅၀ |

* **အပင် (သန်း)**

## ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

ပဲခူးတိုင်းသည် နိုင်ငံ၏အတွင်းပိုင်း မြေပြန့်ဒေသ၌ တည်ရှိနေသော်လည်း ၁၉၈၈ ကာလကဆိုလျှင် လမ်းမကြီးများပင်လျှင် ကျယ်ကျယ်ပြန့်ပြန့် ပြေပြေ လျော့လျော့ ချောမွေ့ခဲ့သည်မဟုတ်ပေ။ ရန်ကုန်–မန္တလေးပြည်ထောင်စု လမ်းမကြီးသည် ၃၅၄ မိုင် ၂ ဖာလုံရှိပြီး ပဲခူးတိုင်းကို ဖြတ်သန်းသွားသည်။ ထိုလမ်းမကြီးကို ခြောက်လမ်းသွားလမ်းမကြီးအဖြစ် လမ်းအဆင့် တိုးမြှင့် ဖောက်လုပ်ခဲ့ရာ ပဲခူးတိုင်းအတွင်း၌လည်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်–ပြည်–မကွေးလမ်းပိုင်းကို တိုးချဲ့ပြုပြင်ထိန်းသိမ်း ပေးခဲ့သည်။ ဘုရားကြီး–သထုံ လမ်း၊ ပြည်–အောင်လံလမ်းတို့ကိုလည်း အဆင့်တိုးမြှင့် ပေးနေသည်။ လက်ပံတန်း–ဟင်္သာတလမ်း၊ ပြည်–ပေါက်ခေါင်း–တောင်ငူ လမ်း စသည်တို့ကိုလည်း တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဖြစ်ပေါ်လာမည့် အာရှလမ်းမ ကြီးများ၊ အာဆီယံလမ်းမကြီးများနှင့် နိုင်ငံဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေး လမ်းမကြီးများသည် ပဲခူးတိုင်းအတွင်း ဖြတ်သန်းကြမည်ဖြစ်ရာ ကြိုတင် မြော်တွေးပြီး လမ်းအဆင့် တိုးချဲ့မြှင့်တင်မှုများ ဆောင်ရွက်နေသည်။

ပဲခူးတိုင်းအတွင်း၌ ဧရာဝတီနှင့် စစ်တောင်းမြစ်ကြီးနှစ်စင်း ဖြတ်သန်း စီးဆင်းနေပြီး အခြားမြစ်ချောင်းများလည်း ပေါများသဖြင့် တံတားအင်အား ကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့သည်။ ပြည်မြို့၌ ဧရာဝတီမြစ်ကို ဖြတ်သန်း တည်ဆောက်ထားသည့် နဝဒေးတံတားကြီးသည် တပ်မတော်အစိုးရ လက်ထက် ပထမဆုံး ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်းအဖြစ် ၁၉၉၇ခုနှစ် တွင် ပေါ်ထွန်းလာခဲ့သည်။ အရှည် ၄၁၈၃ ပေရှည်ပြီး ပြည်–ဆင်တဲလမ်း ပေါ်တွင် တည်ရှိသည်။ နိုင်ငံတော်က ပဲခူးတိုင်းအနောက်ပိုင်းရှိ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဆက်စပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၈၃၃၁ဒသမ၇သိန်းနှင့် အမေရိကန်ဒေါ်လာ ၈ဒသမ၆၈၅သန်း အကုန်အကျ ခံကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ဧရာဝတီမြစ်နဒီကို ပဲခူးတိုင်းအတွင်း၌ နဝဒေးတံတားဖြင့် တွဲသီပေးခဲ့သလို ညောင်လေးပင်–ရွှေကျင်–မဒေါက် လမ်းကြောင်း ချောမွေ့ဖြောင့်တန်းစေရန်အတွက် စစ်တောင်းမြစ်ကိုလည်း အရှည်ပေ ၁၅၀၀ ရှိသည့် စစ်တောင်းတံတားဖြင့် တွဲသီပေးခဲ့သည်။

တပ်မတော်အစိုးရလက်ထက်၌ ပဲခူးတိုင်းတွင် နဝဒေးနှင့်စစ်တောင်း တံတား နှစ်စင်းအပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၁၆ စင်းတည် ဆောက် ပေးထားသည်။ လက်ပံတန်း–ဟင်္သာတလမ်းပေါ်တွင် လက်ပံတန်း မြို့နယ်၌ ပေ ၁၅၂၀ ရှည်သည့် မြစ်မခတံတား၊ ရန်ကုန်–မန္တလေးလမ်းပေါ်တွင် တောင်ငူမြို့နယ်၌ ခပေါင်းတံတား၊ ဒိုက်ဦးမြို့နယ်၌ ကတုတ်ချောင်းတံတားနှင့် ကောလိယတံတား၊ ဖြူးမြို့နယ်တွင် ဖြူးချောင်းတံတား၊ ညောင်လေးပင်မြို့နယ်၌ ရဲနွယ်ချောင်း တံတား၊ ဘိုင်းဒါးတံတားနှင့် ကွင်းချောင်းတံတား၊ ပဲခူးမြို့နယ်၌ ပဲခူးမြစ်ကူးတံတား၊ ရန်ကုန်–ပြည်လမ်းပေါ်တွင် သဲကုန်းမြို့နယ်၌ ဝက်ပုတ်တံတား၊ ပြည်–ပေါက်ခေါင်း–တောင်ငူလမ်းတွင် ပေါက်ခေါင်းမြို့နယ်၌ သိုက်ချောင်းတံတားနှင့် ဘမောင်တံတား စသည်များ ဖြစ်ထွန်းလာသည်။

ထုံးကြီး–ကဝ–အုန်းနဲ့လမ်းပေါ်တွင် ကဝမြို့နယ်၌ ပဲခူးမြစ်ကိုဖြတ်ပြီး အရှည်ပေ ၄၀၀ ရှိ ကဝတံတားကို တည်ဆောက်ပေးလျက်ရှိသည်။ ဆက်လက်၍ ပဲနွယ်ကုန်း–ကျောက်ကြီးလမ်းပေါ်၌ စစ်တောင်းတံတား(နတ်သံကွင်း)နှင့် ပဲခူးမြို့ပတ်လမ်းနှင့် ပဲခူးမြို့တွင်းလမ်းပေါ်၌ ပဲခူးမြစ်ကူးတံတားကြီးနှစ်စင်းကို တည်ဆောက်ပေးသွားဦးမည်ဖြစ်သည်။

ပဲခူးတိုင်းအတွင်း လမ်းတံတားများ ဖြစ်ထွန်းကြွခိုင်လာစေခြင်းသည် ပြည်ထောင်စုလမ်းကွန်ရက်ကြီး၏ မဏ္ဍိုင်ကို တောင့်တင်းကြံ့ခိုင်စေခြင်း မည် သည်။ ဤလမ်းတံတားများသည် ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသား ပြည်သူများ ဗဟိုပြု၍ ဥဒဟိုကူးသန်းရောင်းဝယ် သယ်ယူပို့ဆောင်ရာ လမ်းမ ကြီးဖြစ်သည်။ ကားလမ်းနှင့်တံတားများ တိုးချဲ့မြှင့်တင် တည်ဆောက်ပေး လျက်ရှိသည့်နည်းတူ ပဲခူးတိုင်းအတွင်း ဖြတ်သန်းလျက်ရှိသည့် ရထားလမ်းနှင့် တံတားများကိုလည်း တိုးချဲ့မြှင့်တင်ဖောက်လုပ်ပေးခဲ့သည်။ ပဲခူးရိုးမ အရှေ့ဘက် ရှိ ရထားလမ်းနှင့် အနောက်ဘက်ရှိ ရထားလမ်းများက တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန်နှင့် ပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်– အောင်လံ–တောင်တွင်းကြီး–ကျောက်ပန်းတောင်း–ပုဂံ–မြင်းခြံရထားလမ်းကို လည်း ဆက်စပ်ဖောက်လုပ်ပေးခဲ့သည်။

မျက်မှောက်ခေတ်၌ ပဲခူးတိုင်းအတွင်း လမ်းတံတားအင်အားသစ်များ ဖြစ်ပေါ်လာခြင်းသည် ပြည်ထောင်စုကြီး၏ အသက်သွေးကြောကို ပိုမိုကျန်းမာ ကြံ့ခိုင်စေခြင်းပင်ဖြစ်ကြောင်း အောက်ပါဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက အဓိပ္ပာယ် ဖွင့်ဆိုနေပေသည်–

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **ရထားပို့ဆောင်ရေး** | | | |
| – ရထားလမ်းခရီးမိုင် | ၃၅၄.၈၄ | ၃၇၁.၀၉ | ၁၆.၂၅ |
| – သံလမ်းမိုင် | ၇၅၄.၃၅ | ၇၇၂.၂၃ | ၁၇.၈၈ |
| – ခရီးသည်ဦးရေ | ၅၀၂၄၀၀၀ | ၅၃၅၆၅၀၀ | ၃၃၂၅၀၀ |
| – ခရီးသည်မိုင် | ၃၄၂၇၉၆.၀ | ၃၅၂၁၃၃.၄ | ၉၃၃၇.၄ |
| – ကုန်တန်ချိန် | ၈၇၄၀၀ | ၁၃၆၈၀၀ | ၄၉၄၀၀ |
| – ကုန်တန်မိုင် | ၁၀၀၈၇.၆ | ၁၇၂၅၉.၇ | ၇၁၇၂.၁ |
| – ဘူတာရုံ | ၉၄ | ၉၉ | ၅ |
| **လေကြောင်းပို့ဆောင်ရေး** | | | |
| – လေယာဉ်ကွင်းများ | ၂ | ၃ | ၁ |
| – ပြေးလမ်းပေ(၅၀၀၀)အထက် | ၁ | ၂ | ၁ |
| – ပြေးလမ်းပေ(၅၀၀၀)အောက် | ၁ | ၁ | – |
| **ကားလမ်းများတိုးချဲ့ဖောက်လုပ်မှု(မိုင်)** | ၈၁၅/၀ | ၁၀၁၅/၅ | ၂၀၀/၅ |
| – ကတ္တရာလမ်းမိုင် | ၇၀၇/၀ | ၇၄၆/၇ | ၃၉/၇ |
| – ကျောက်ခင်းလမ်းမိုင် | ၂၄/၀ | ၅၆/၃ | ၃၂/၃ |
| **တံတားများတိုးချဲ့တည်ဆောက်မှု** | | | |
| – ပေ(၁၈၀)အထက်တံတား | ၃၆ | ၅၆ | ၂၀ |
| – ပေ(၁၈၀)အောက်တံတား | ၅၀၀ | ၆၁၉ | ၁၁၉ |

## ဆက်သွယ်ရေး

နိုင်ငံတစ်ဝန်းလုံး၌ လူမှုစီးပွားရေးဘဝတစ်ရှိန်ထိုးတိုးတက်လာသည်နှင့်အမျှ ဆက်သွယ်ရေးကဏ္ဍကိုလည်းဟန်ချက်ညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျက် ရှိသည်။ **"စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်သွယ်ရေးသည် အရေးကြီး သည်။ ဆက်သွယ်ရေးဆိုရာတွင် ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းနှင့် ကြေးနန်းဆက်သွယ်ရေးကိုပါ ဆိုလိုသည်။ စီးပွားရေးတိုးတက်ရန် လမ်းပန်း ဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်"**ဟူသည့် လုပ်ငန်းလမ်းညွှန် ချက်နှင့်အညီ ပဲခူးတိုင်း၏ ဆက်သွယ်ရေးကဏ္ဍကို ၁၉၈၈ ခုနှစ်ကထက် မြင့်မားတိုးတက်အောင် အောက်ပါအတိုင်း ဆောင်ရွက်ပေးထားသည်–

*** (လူ ၁၀၀၀ လျှင်)**

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| စာတိုက်စခန်း | ၁၁၅ | ၁၂၃ | ၈ |
| ကြေးနန်းရုံး | ၃၃ | ၄၁ | ၈ |
| ဖက်စ်စီမီလီ | ၂ | ၇၂ | ၇၀ |
| ကွန်ပျူတာကြေးနန်း | မရှိ | ၈ | ၈ |
| **တယ်လီဖုန်းလုပ်ငန်း** | | | |
| – တယ်လီဖုန်းရုံး | ၃၀ | ၁၀၂ | ၇၂ |
| – လိုင်းအင်အား | ၅၄၉၇ | ၂၇၄၇၈ | ၂၁၉၁၈ |
| – အိတ်ချိန်း | ၃၀ | ၇၀ | ၄၀ |
| – တိုက်ရိုက်လိုင်း | ၃၈၄၁ | ၂၂၅၈၇ | ၁၈၇၄၆ |
| – အော်တို/လက်သုံးတယ်လီဖုန်း | ၃၈၄၁ | ၂၂၅၈၇ | ၁၈၇၄၆ |
| – တယ်လီဖုန်းသိပ်သည်းဆ | ၁.၃၇ | ၄.၂၀ | ၂.၈၃ |
| မိုက္ကရိုဝေ့ဗ်စခန်း | ၁၁ | ၁၇ | ၆ |
| ကျေးလက်တယ်လီဖုန်းအိတ်ချိန်း | မရှိ | ၃၂ | ၃၂ |
| အီးမေးလ်၊ အင်တာနက် | မရှိ | ၃ | ၃ |

**အော်တိုတယ်လီဖုန်းဌာန၏ လိုင်းအားတိုးချဲ့ခြင်း(ဆောင်ရွက်ဆဲ)–**

၁။ ကြို့ပင်ကောက်လိုင်းအင်အား(၅၀၀)၊ ၂။ နတ်တလင်းလိုင်းအင်အား(၅၀၀)၊ ၃။ ပေါင်းတည်လိုင်းအင်အား(၅၀၀)၊ ၄။ ဇီးကုန်းလိုင်းအင်အား (၅၀၀)

**DECT တယ်လီဖုန်းစီမံကိန်း ပထမအဆင့်(ဆောင်ရွက်ဆဲ)–** ပဲခူး(အရှေ့) လိုင်းအင်အား(၁၀၀၀)

**ဆောင်ရွက်ဆဲနယ်အော်တိုအိတ်ချိန်းတယ်လီဖုန်း –**

၁။ ရွှေကျင်လိုင်းအင်အား (၅၀၀) ၂။ သနပ်ပင်လိုင်းအင်အား(၅၀၀)

## လျှပ်စစ်စွမ်းအား

အမိနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ကို မွေးဖွားရုံသာ မွေးဖွားခဲ့ခြင်းမဟုတ်ပေ။ ကုန်းပြင်မြင့်များ၊ တောင်တန်းများ၊ ရိုးမများ၊ချိုင့်ဝှမ်း များ၊ လွင်ပြင်များ၊ ကမ်းရိုးတန်းဒေသများ၊ မြစ်ကြီးများ၊ ချောင်းမြောင်းများ၊ ရေနက်ကွင်းများ၊ ပင်လယ်ပြင်နှင့် ကျွန်းစုများကိုပါ အမွေပေးထားသော မြတ်မိခင်ဖြစ်သည်။

အစ်ကိုကြီး အဖအရာတွင်နေ၍ ညီနောင်သားချင်းများကို ထမ်းချီသယ်ပိုး ပြုစုပျိုးထောင်ပေးနေသော တပ်မတော် အစိုးရသည် အမွေခံကောင်း ပတ်ဝန်းကျင်ကိုဆက်ခံပြီး အမွေခံကောင်း ထက်ဝန်းကျင်ဖြစ်အောင် မြှင့်တင် ပေးလျက်ရှိသည်။

ငုပ်နေသော စွမ်းအင်ကို ပေါ်လွင်စေသည်။ မြုပ်နေသောစွမ်းအားကို ထင်ရှားစေသည်။ ဤသို့ဖြင့် ပဲခူးတိုင်း၌လည်း အကြီးစား ရေအားလျှပ်စစ် စီမံကိန်းတစ်ခုဖြစ်သော ဇောင်းတူသည် မောင်းတဒူဒူဖြင့် ပေါ်ထွန်းလာခဲ့သည်။ ၁၉၈၈ ခုနှစ် ကာလအထိ ပဲခူးတိုင်း၌ ရေအားလျှပ်စစ်စက်ရုံဟူ၍ မရှိခဲ့ပေ။ မဟာဓာတ်အားလိုင်းနှင့် ဒီဇယ်သုံးစက်ရုံများကို အားထား နေခဲ့ရသည်။

ဇောင်းတူဘက်စုံစီမံကိန်းကြောင့် ပဲခူးမြစ်သည် ချစ်စရာမြစ်တစ်စင်းအဖြစ် ဂုဏ်သတင်းမွှေးလာသည်။ ဇောင်းတူ ရေလှောင်တမံက စိုက်ပျိုးမြေဧက ၃၆၀၀၀ကျော်ကို အကျိုးပြုသည်။ ပဲခူးမြို့နှင့် ပတ်ဝန်းကျင်ဒေသများ မြစ်ရေ မကြီးအောင် လွှဲရှောင်ပေးနိုင်ခဲ့သည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀ ထုတ် လုပ်ပြီး ဒေသကို ပြန်လည်အထောက်အကူပြုခဲ့သည်။

ဆက်လက်၍ ဇောင်းတူနှင့် အကြောင်းတူသည့် ရေအားလျှပ်စစ် စီမံကိန်းကြီးငါးခုကို တိုင်းကျိုးပြည်ပြုနိုင်ရေး တည်ဆောက်ပေးလျက် ရှိနေပြန်သည်။ ရွှေကျင် ၇၅ မဂ္ဂါဝပ်၊ ကွန်းချောင်း ၆၀ မဂ္ဂါဝပ် ၊ ဖြူးချောင်း ၄၀ မဂ္ဂါဝပ်၊ ခပေါင်း မဂ္ဂါဝပ် ၃၀နှင့် ရဲနွယ် ၂၅မဂ္ဂါဝပ်တို့ဖြစ်ပြီး ရရှိလာ မည့် မဂ္ဂါဝပ်စုစုပေါင်းမှာ ၂၃၀ ဖြစ်သည်။

တောတိုင်းမှာစန္ဒကူးမရှိ၊ တောင်တိုင်းမှာ ပတ္တမြားမရှိဟူ၍ ဆိုရိုး စကားရှိသည်။ တပ်မတော်အစိုးရလက်ထက်၌ ဒေသအသီးသီးတွင် တစ်ခုမရှိ တစ်ခုရှိအောင်၊ ဘက်မစုံလျှင် ဘက်စုံအောင် ဖြည့်ဆည်းဖော်ဆောင်ပေး နေသဖြင့် ပဲခူးတိုင်း၌လည်း လျှပ်စစ်စွမ်းအား ပိုမိုထုတ်လုပ်နိုင်တော့ မည်ဖြစ် သည်။ အောက်ပါဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ဇယားကို ကြည့်လျှင် ပဲခူး တိုင်း၏ လျှပ်စစ်စွမ်းအားကဏ္ဍက သတင်းဂုဏ်ဆောင်၍ ပြည်ထောင်စုကြီးကို အလင်းဂုဏ်ရောင် ပေးနိုင်တော့မည်ဖြစ်ကြောင်း တွေ့ရှိရမည်–

**ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း)**

***မဂ္ဂါဝပ်**

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| ဓာတ်အားသုံးစွဲမှု | ၁၉၆.၈၂၉ | ၃၀၀.၇၉၉ | ၁၀၃.၉၇၀ |
| အမြင့်ဆုံးဝန်အား* | ၄၃.၈၀၀ | ၇၁.၈၀၀ | ၂၈.၀၀၀ |
| **လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု** | | | |
| – တည်ဆောက်ပြီးရေအားလျှပ်စစ်စီမံကိန်း | မရှိ | ၁ | ၁ |
| – တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်းများ | မရှိ | ၅ | ၅ |
| – ဒီဇယ်ဆီသုံးစက်ရုံ | ၂၁ | ၁၆ | မဟာ ဓာတ်အားတိုး |
| လက်ရှိစက်တပ်ဆင်အင်အား | ၅၅.၆၆၅ | ၇၆.၄၁၀ | ၂၀.၇၄၅ |
| ရှိလာမည့်စက်တပ်ဆင်အင်အား | ၅၅.၆၆၅ | ၃၀၆.၄၁၀ | ၂၅၀.၇၄၅ |

## စက်မှုလက်မှု

**"စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံအဖြစ် ကူးပြောင်းတည်ဆောက် ကြရမည်"**ဟူသော မူဝါဒလမ်းညွှန်ချက်နှင့်အညီ ပဲခူးတိုင်း၏ စက်မှုကဏ္ဍ အခြေခံကောင်းကို အားသစ်လောင်းပေးလျက်ရှိသည်။ မျက်မှောက်ခေတ်၌ ပဲခူးတိုင်း၌ ပေါ်ထွန်းလာသည့် ပြည်စက်မှုဇုန်သည် လုပ်ငန်းပေါင်း ၁၆၆ခုကို ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၅၀၇ဒသမ၇၄သန်းဖြင့် လည်ပတ်ကာ ထုတ်လုပ်မှုတန်ဖိုး ငွေကျပ် ၄၂၄ဒသမ ၆၅သန်း ရှိသည်။

စက်မှုလက်မှုကဏ္ဍ၌ ပုဂ္ဂလိကပါဝင်မှု အချိုးအစားလည်း မြင့်မား တိုးတက်နေသည်။ ပုဂ္ဂလိကစက်ရုံ ၃၀၀၀ နီးပါး တိုးတက်လာခဲ့ရာ စုစုပေါင်း ၄၇၀၉ ရုံရှိနေသည်။ အိမ်တွင်းစက်မှုလုပ်ငန်း ၄၈၄ ခုအခြေပြုတည်ရှိနေပြီး နိုင်ငံပိုင်စက်ရုံ ၁၀၆ ရုံဖြင့် ကုန်ထုတ်ပေးလျက်ရှိသည်။

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **စက်မှုစွမ်းအားမြှင့်တင်ခြင်း** | | | |
| **– ပြည်စက်မှုဇုန်** | မရှိ | ၁ | ၁ |
| – လုပ်ငန်းပေါင်း | မရှိ | ၁၆၆ | ၁၆၆ |
| – ပုဂ္ဂလိကစက်ရုံ | ၁၇၂၉ | ၄၇၀၉ | ၂၉၈၀ |
| – အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ | – | ၄၈၄ | ၄၈၄ |
| နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ | ၁၃၃ | ၁၀၆ | လွှဲပြောင်း |

## သတ္တုနှင့်တွင်းထွက်သယံဇာတ

ပဲခူးတိုင်းသည် ရွှေနိုင်ငံမှ ရွှေမြေတစ်ခုဖြစ်သည်။ ရွှေလုပ်ကွက်စခန်း ယခင်ကတစ်ခုသာရှိခဲ့ရာ ယခု ၁၁ ခု အထိ တိုးတက်လာသည်။ ၁၉၈၈ ခုနှစ်က ရွှေ ၉ဒသမ၅၂ထရိုင်အောင်စသာ ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခု ၇၈ဒသမ၂၄ ထရိုင်အောင်စ ထုတ်လုပ်နိုင်ခဲ့သည်။မီးခံမြေစေးကိုလည်း ရှာဖွေ ဖော်ထုတ်နိုင်ခဲ့၍ ၃၂၆ဒသမ၈၇ မက်ထရစ်တန်ထုတ်လုပ်ထားပြီးဖြစ်သည်။

## စွမ်းအင်ကဏ္ဍ

မြေကြီးမှရွှေသီးပေးနေသော ပဲခူးတိုင်းသည် မြေထဲမှရွှေမည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

❀ စာမျက်နှာ ၁၀ မှ

ပြည်ရေနံမြေမှ သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်ယူရရှိနေသည်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည် ၁၇၃ဒသမ၂၀မိုင် သွယ်တန်းထားနိုင်သည်။ သဘာဝဓာတ်ငွေ့သုံးကားများအဖြစ် ပြောင်းလဲတပ်ဆင်မှုတွင် ရေရှည်ပါဝင် အကျိုးပြုသွားမည်ဖြစ်သည်။

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **ပြည်ရေနံမြေ(ကုန်းတွင်းပိုင်း)** | – | ၁ | ၁ |
| – သဘာဝဓာတ်ငွေ့ပိုက်လိုင်း(မိုင်) | ၁၁၉.၅၀ | ၁၇၃.၂၀ | ၅၃.၇၀ |
| – ရေနံစိမ်းထုတ်လုပ်မှု(စည်) | – | ၇၆၁၄၃ | ၇၆၁၄၃ |
| – ဓာတ်ငွေ့ထုတ်လုပ်မှု(ကုဗပေ) | – | ၇၉၂.၉၆ | ၇၉၂.၉၆ |

**ပညာရေး**

လူမျိုးတစ်မျိုး ရေရှည်တည်တံ့ခိုင်မြဲပြီး တည်တည်ငြိမ်ငြိမ် တိုးတက်သွားရန်အတွက် ပညာရေးမြင့်မားလာအောင် ပြုစုပျိုးထောင်မှုသည် အရေးအကြီးဆုံး၊ အခြေခံအကျဆုံးအချက်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများကို တိုင်းပြည်အတွက် အကျိုးပြုမည့်စည်းကမ်းနှင့် စိတ်ဓာတ်ကောင်းပြီး ပညာထူးချွန်သူများဖြစ်စေရန်အတွက် အခြေခံပညာအဆင့်မှစ၍ တက္ကသိုလ်အဆင့်အထိ ကွင်းဆက်မပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ပညာသင်ယူမှု တစ်ပြေးညီဖြစ်စေရန်၊ ပညာတစ်ပိုင်းတစ်စ မဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် သင်ယူနိုင်ရန်အတွက် ပဲခူးတိုင်း၌လည်း မူလတန်းလွန်ကျောင်း ၅၇၈ ကျောင်း၊ အလယ်တန်းကျောင်း ၁၁၉ ကျောင်း၊ အထက်တန်းကျောင်း ၁၃၂ ကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ နယ်မြေဒေသကျယ်ဝန်းမှုကြောင့် အဆင့်မြင့်ပညာသင်ယူနိုင်မှု အလှမ်းမဝေးစေရေးအတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှစ်ခုနှင့် ဒီဂရီကောလိပ်တစ်ခု တိုးမြှင့်ဖွင့်လှစ်ပေးထားသည်။ အခြေခံပညာ ကျောင်းသားအင်အား ရှစ်သိန်းနီးပါး၊ အဆင့်မြင့်ပညာသင်ယူသူ ခြောက်သောင်းကျော်ရှိလာသော ပဲခူးတိုင်း၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှာ အောက်ပါအတိုင်း အားရစဖွယ်ကောင်းနေသည်–

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **အခြေခံပညာပျိုးထောင်မှု** | | | |
| – ကျောင်းအင်အား | ၃၇၀၆ | ၄၄၄၄ | ၇၃၈ |
| – မာလ်တီမီဒီယာစာသင်ခန်း | မရှိ | ၁၃၅ | ၁၃၅ |
| – e-Learning Centre | မရှိ | ၅၀ | ၅၀ |
| – ဆရာ၊ ဆရာမဦးရေ | ၂၄၁၅၅ | ၂၇၀၉၈ | ၂၉၄၃ |
| – ကျောင်းသားဦးရေ | ၆၀၂၇၅၆ | ၇၉၃၈၆၀ | ၁၉၁၁၀၄ |
| – သူငယ်တန်းကျောင်းဝင်နှုန်း | ၆၇.၉၉% | ၉၇.၂၂% | ၂၉.၂၃% |
| – သက်ကြီးစာတတ်မြောက်မှုနှုန်း | ၈၉.၂၀% | ၉၇.၉၅% | ၈.၇၅% |
| **ပညာရေးအပေါ်သိကျံဖြစ်မှုနှုန်း** | | | |
| – မူလတန်းအဆင့် | ၄၁.၅၅% | ၁၅.၀၂% | (–)၂၆.၅၃% |
| – အလယ်တန်းအဆင့် | ၃၉.၃၂% | ၁၃.၈၈% | (–)၂၅.၄၄% |
| **အဆင့်မြင့်ပညာမြှင့်တင်မှု** | | | |
| – ဝိဇ္ဇာသိပ္ပံတက္ကသိုလ် | မရှိ | ၂ | ၂ |
| – ဒီဂရီကောလိပ် | မရှိ | ၁ | ၁ |
| – ကောလိပ် | ၂ | ၂ | – |
| – e-Learning Centre | – | ၅၃ | ၅၃ |
| – သင်ကြားရေးအစီအစဉ်များ | ၁၆ | ၉၈ | ၈၂ |
| – ဆရာ၊ ဆရာမဦးရေ | ၁၆၉ | ၆၃၃ | ၄၆၄ |
| – ကျောင်းသားဦးရေ | ၁၂၄၂ | ၆၀၇၃၄ | ၅၉၄၉၂ |
| **လူ့စွမ်းအားအရင်းအမြစ်** | | | |
| **ဖွံ့ဖြိုးရေးဌာန** | မရှိ | ၃ | ၃ |

**သိပ္ပံနှင့်နည်းပညာကဏ္ဍ**

အင်ဂျင်နီယာပညာရှင်နှင့် ကွန်ပျူတာပညာရှင်များ တိုးမြှင့်မွေးထုတ်ပေးနိုင်ရန်အတွက် အခြားပြည်နယ်/တိုင်းများနှင့် ဆက်စပ်ပြီး အချက်အချာကျသည့် ပြည်မြို့၌ နည်းပညာတက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးခဲ့သည်။ နည်းပညာ ကောလိပ်တစ်ခုစီနှင့် ကွန်ပျူတာကောလိပ်တစ်ခုစီကို ပြည်နှင့်တောင်ငူ၌ ဖြန့်ကြက်ပေးထားသည်။ ဤတက္ကသိုလ်နှင့် ကောလိပ်တို့မှ နိုင်ငံတော်အတွက် လူငယ်ပညာရှင်များ မွေးထုတ်ပေးနေပြီဖြစ်ရာ အနာဂတ်၌ နဝဒေးတံတားကြီးမျိုး အစင်း ၁၀၀ လောက် ပြိုင်တူဆောက်နိုင်သည့် ပညာရှင်အင်အား တိုးပွားလာမည်ဖြစ်သည်။

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **နည်းပညာတက္ကသိုလ်(ပြည်)** | မရှိ | ၁ | ၁ |
| –သင်တန်းအရေအတွက် | မရှိ | ၁၁ | ၁၁ |
| –ဆရာ၊ ဆရာမဦးရေ | မရှိ | ၁၉ | ၁၉ |
| –ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၂၂၆၁ | ၂၂၆၁ |
| –ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၁၅၇၄ | ၁၅၇၄ |
| **–နည်းပညာကောလိပ်များ** | **မရှိ** | **၂** | **၂** |
| **–နည်းပညာကောလိပ်(တောင်ငူ)** | မရှိ | ၁ | *ယခင်(GTI) ၁* |
| –သင်တန်းအရေအတွက် | ၄ | ၁၀ | ၆ |
| **–နည်းပညာကောလိပ်(ပြည်)** | မရှိ | ၁ | ***ယခင်(GTI) ၁*** |
| –သင်တန်းအရေအတွက် | ၃ | ၇ | ၄ |
| –ဆရာ၊ ဆရာမဦးရေ | ၉၃ | ၂၇၅ | ၁၈၂ |
| –ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | ၁၈၂၁ | ၁၂၀၉၆ | ၁၀၂၇၅ |
| –ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၃၂၆၂ | ၃၂၆၂ |
| **ကွန်ပျူတာကောလိပ်များ** | **မရှိ** | **၂** | **၂** |
| **–အစိုးရကွန်ပျူတာကောလိပ်(တောင်ငူ)** | မရှိ | ၁ | ၁ |
| –သင်တန်းအရေအတွက် | မရှိ | ၆ | ၆ |
| **–အစိုးရကွန်ပျူတာကောလိပ်(ပြည်)** | မရှိ | ၁ | ၁ |
| –သင်တန်းအရေအတွက် | မရှိ | ၆ | ၆ |
| –ဆရာ၊ ဆရာမဦးရေ | မရှိ | ၃၁ | ၃၁ |
| –ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၂၆၈ | ၂၆၈ |
| –ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၇၇၅ | ၇၇၅ |

**ကျန်းမာရေး**

တိုင်းရင်းသားပြည်သူများအား ကုသမှုအရည်အသွေး မြင့်မားစွာပေးနိုင်ရန်အတွက် ခရိုင်အဆင့် ဆေးရုံများတွင် အထူးကုဘာသာရပ်ခြောက်မျိုးအတွက် အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဆေးရုံကြီးများတွင် အထူးကုဘာသာရပ် ၁၂ မျိုးအတွက် အထူးကုဆရာဝန်ကြီးများ တိုးချဲ့ခန့်ထားပေးခဲ့သည်။

ပဲခူးတိုင်း၌ ခုတင် (၂၀၀)ဆံ့ ဆေးရုံနှစ်ခု၊ ခုတင် (၁၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် (၁၀၀)ဆံ့ ဆေးရုံနှစ်ခု၊ (၂၅)ခုတင်ဆံ့ ၁၇ ရုံ၊ (၁၆)ခုတင်ဆံ့ လေးရုံနှင့် တိုက်နယ်အဆင့်ဆေးရုံ ၅၂ ရုံအထိ ရှိလာသည်။ ၁၉၈၈ ခုနှစ်ကထက် ဆေးရုံ ၂၅ ရုံ တိုးတက်ခဲ့ခြင်းပင်ဖြစ်သည်။ ကျန်းမာရေးလုပ်ငန်းဌာန ယခင်က ၁၉၉ ခုရှိနေရာ ယခု ၁၆ ခုတိုးလာသည်။ တိုင်းရင်းဆေးရုံတစ်ရုံနှင့် ဆေးပေးခန်း ၂၆ ခန်းအထိ ရှိနေသည်။

အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန် ၃၉၉ ဦး အပါအဝင် ကျန်းမာရေးဝန်ထမ်း ၂၅၄၅ ဦးအထိ တိုးမြှင့်ခန့်ထားပေးခဲ့သည်။ ယခင် သားဖွားသင်တန်းကျောင်း နှစ်ကျောင်းရှိခဲ့ပြီး သူနာပြုသင်တန်းကျောင်း နှစ်ကျောင်း တိုးလာသည်။

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| ဆေးရုံများတိုးချဲ့မြှင့်တင်မှု | ၆၁ | ၈၂ | ၂၁ |
| ကျန်းမာရေးလုပ်ငန်းဌာနများ | ၁၈၃ | ၁၉၉ | ၁၆ |
| **ကျန်းမာရေးဝန်ထမ်းများ** | ၁၇၅၈ | ၂၅၄၅ | ၇၈၇ |
| –ဆရာဝန် | ၂၀၇ | ၃၉၉ | ၁၉၂ |
| –သူနာပြု | ၂၅၈ | ၆၀၇ | ၃၄၉ |
| –ကျန်းမာရေးဆရာမ | ၁၆၀ | ၁၇၆ | ၁၆ |
| –သားဖွားဆရာမ | ၈၆၉ | ၁၀၀၂ | ၁၄၃ |
| –ကျွမ်းကျင်ဝန်ထမ်း | ၁၄ | ၂၅ | ၁၁ |
| –မြို့နယ်ကျန်းမာရေးမှူး | မရှိ | ၉ | ၉ |
| –လက်ထောက်ကျန်းမာရေးမှူး(၁) | မရှိ | ၂၈ | ၂၈ |
| –လက်ထောက်ကျန်းမာရေးမှူး | ၁၂၆ | ၁၃၄ | ၈ |
| –ကြီးကြပ်(၁)/(၂) | ၁၂၄ | ၁၅၅ | ၃၁ |
| **တိုင်းရင်းဆေး** | | | |
| –တိုင်းရင်းဆေးရုံ | မရှိ | ၁ | ၁ |
| –တိုင်းရင်းဆေးပေးခန်း | ၈ | ၂၆ | ၁၈ |
| –သူနာပြုသင်တန်းကျောင်း | မရှိ | ၂ | ၂ |
| –သားဖွားသင်တန်းကျောင်း | ၃ | ၃ | – |

**မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု**

မြည်သံဟိန်းလာသည့် နိုင်ငံတော်၏ သမိုင်းဝင်စီမံကိန်းများတွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းများလည်း ပါဝင်သည်။ စီမံကိန်းကြီးများကို တစ်ပြိုင်တည်း ပေါင်းစည်း၍ နိုင်ငံတော်နှင့်အတူ ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ခြင်းကြောင့် အောင်မြင်မှုအလီလီ ရရှိနေသည်။

နိုင်ငံ၏အတွင်းပိုင်းဒေသများ၌ တည်ရှိခဲ့သော်လည်း ယခင်က လမ်းနှင့်ဝေး၍ ကျေးလက်များ မဖွံ့ဖြိုး မစည်ပင်ခဲ့သလို မြို့များကလည်း တောမကျမြို့မကျ၊ မြို့ပြအင်္ဂါရပ် မပီသခဲ့ပေ။ တပ်မတော်အစိုးရလက်ထက်၌ ကျေးရွာချင်း ဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ တိုးပွားလာသည်။ ပဲခူးတိုင်း၏ တန်းတူရည်တူ ညီတူလုပလာသော မြို့ပြနှင့်ကျေးလက်စည်ပင်ဖွံ့ဖြိုးမှုကို အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်–

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **မြို့ပြဖွံ့ဖြိုးမှု** | | | |
| **–မြို့ပြလမ်းမိုင်** | **၃၃၃/၇** | **၅၉၇/၁** | **၂၆၃/၄** |
| –ကတ္တရာလမ်းမိုင် | ၁၅၇/၇ | ၂၂၀/၄ | ၆၂/၇ |
| –ကျောက်လမ်းမိုင် | ၂၀/၁ | ၆၅/၀ | ၄၄/၇ |
| –ဂဝံလမ်းမိုင် | ၀/၇ | ၁၃၇/၄ | ၁၃၆/၇ |
| –မြေလမ်းမိုင် | ၁၅၅/၀ | ၁၇၄/၁ | ၁၉/၁ |
| **– မြို့ရေပေးရေးလုပ်ငန်း** | | | |
| –ဆောင်ရွက်ရမည့်မြို့နယ် | ၂၈ | ၁၀ | ၁၈ |
| –ပြီးစီးသည့်လုပ်ငန်း | ၂ | ၁၈ | ၁၆ |
| **ကျေးလက်ဖွံ့ဖြိုးမှု** | | | |
| **–ကျေးလက်လမ်းမိုင်** | **၄၄၅/၆** | **၃၀၂၄/၂** | **၂၅၇၈/၆** |
| –ကတ္တရာလမ်းမိုင် | ၄၆/၆ | ၆၇/၀ | ၂၀/၄ |
| –ကျောက်လမ်းမိုင် | ၂၁၃/၅ | ၂၄၁/၇ | ၂၈/၂ |
| –ဂဝံလမ်းမိုင် | ၉၁/၂ | ၅၄၂/၃ | ၄၅၁/၁ |
| –မြေလမ်းမိုင် | ၉၄/၁ | ၂၁၇၃/၀ | ၂၀၇၈/၇ |
| **ကျေးလက်ရေရရှိရေး** | | | |
| –ဆောင်ရွက်ရမည့်ကျေးရွာ | ၂၆၇၅ | ၁၂၇၄ | ၁၄၀၁ |
| –ပြီးစီးသည့်လုပ်ငန်း | မရှိ | ၂၂၇၁ | ၂၂၇၁ |
| – ကျေးလက်အိမ်ရာ | မရှိ | ၄၁၅ | ၄၁၅ |

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးကဏ္ဍ**

နိုင်ငံတော်၏မူဝါဒများနှင့်ဦးတည်ချက်များကို ပြည်သူများအပါအဝင် အားလုံးသိရှိ သဘောပေါက်အောင် စည်းရုံးဆောင်ရွက်ကြရန်ဟူသည့် လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ပြန်ကြားရေးကဏ္ဍကိုလည်း အကျိုးရှိရှိ ထဲထဲဝင်ဝင် ပီပီပြင်ပြင်ဖြစ်အောင် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ပညာဘဏ်တိုက် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အားပေးကူညီခြင်း စသည်ဖြင့် အမှောင်ခွင်း၍ အလင်းဆောင်ပေးနေသည်။ စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ ချီတက်ကြရာတွင် ကိုယ်စီကိုယ်င နှလုံးလှကြစေရေးအတွက် ပဲခူးတိုင်း၏ ပြန်ကြားရေးကဏ္ဍကို အောက်ပါအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်–

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| – ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ | ၂ | ၄ | ၂ |
| – ပြန်/ဆက်ရုံးများ | မရှိ | ၃၁ | ၃၁ |
| – ပြန်/ဆက်စာကြည့်တိုက် | ၉ | ၃၁ | ၂၂ |
| – ဌာနဆိုင်ရာစာကြည့်တိုက် | – | ၁၈ | ၁၈ |
| – ကျေးလက်စာကြည့်တိုက် | မရှိ | ၁၂၃၁ | ၁၂၃၁ |
| – e-Library | မရှိ | ၄ | ၄ |

**အလိုင်နီရေလှောင်တမံ**

**ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းစလောင်းကျေးရွာအထက် ကြံခွဲကျေးရွာအနီးတွင် တည်ဆောက်ပေးထားသည့် အလိုင်နီရေလှောင်တမံကို တွေ့ရစဉ်။**



# ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက် အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်ယူဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၉

**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် နံနက် ၁၀နာရီတွင် ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် ရမ်ထလို စံပြကျေးရွာ၌ ကျင်းပရာ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်း၊ ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတမ်အောင်နှင့် ခရိုင်အတွင်းရှိ ဟားခါး၊ တီးတိန်၊ ဖလမ်း၊ ထန်တလန်၊ တွန်းဇံမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖလမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်သူများ စုစုပေါင်း အင်အား ၂၀၀၀ ကျော် တစုတဝေး တက်ရောက်ကြသည်။**

အခမ်းအနားတွင် သဘာပတိအဖြစ် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတမ်အောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဖလမ်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးလာလ်ဒွန်း၊ ဖလမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လိုင်နယ်ကိမ်း၊ ဖလမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လီလီနှင့် ရမ်ထလို စံပြကျေးရွာမှ ရပ်မိရပ်ဖ ဦးဒပ်ဟရန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နေအုပ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထောင်းနိုင်ပါရ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ပြည်သူလူထုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် သဘာပတိ ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတမ်အောင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏သမိုင်းကြောင်း၌ နယ်ချဲ့တို့က တောင်တန်းဒေသကို ပြည်မနှင့်အတူ လွတ်လပ်ရေးမပေးဘဲ ဆက်လက်သွေးခွဲ အုပ်ချုပ်လိုသော သဘောများဖြင့် ဆောင်ရွက်လာခဲ့သည့်အတွက် ပြည်နယ်၊ ပြည်မ၊ တောင်တန်းဒေသမခွဲ လွတ်လပ်ရေးရရှိရန် ပင်လုံမြို့လေး၌ တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ပြီး လွတ်လပ်ရေးရယူလိုကြောင်း၊ တစ်စိတ်တစ်ဝမ်းတည်း အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် နေထိုင်လိုကြောင်း၊ သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည့် ဖေဖော်ဝါရီလ ၁၂ရက်နေ့သည် ပြည်ထောင်စုနေ့အဖြစ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရန် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း၊ အမျိုးသားညီလာခံ ကျင်းပခြင်းသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီးသည် အလွန်အရေးကြီးကြောင်း၊ ယနေ့ကာလ၌ တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး၌ တည်ဆောက်နေသည့်အထဲက ချင်းပြည်နယ်နှင့်ပတ်သက်၍ အနည်းငယ် ကောက်နုတ်တင်ပြလိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လမ်းမကြီးလေးသွယ် ဆောင်ရွက်ပေးမှုကြောင့် ယခင်က ဟားခါး-ကလေး ကုန်ကားဖြင့် နှစ်ရက်ခန့်သွားနေရာက ယနေ့နေ့ချင်းပေါက် မှန်လုံကားများဖြင့် နေ့စဉ်သွားလာနိုင်နေပြီဖြစ်ကြောင်း၊ ထို့အပြင် ကလေးလေဆိပ်ပြေးလမ်း တိုးချဲ့တည်ဆောက်ပေးခဲ့သည့်အတွက် ယခင် ကလေး-မန္တလေးမှတစ်ဆင့် ရန်ကုန်သို့ အခက်အခဲပေါင်းများစွာဖြင့် သွားလာနေရာက ဂျက်လေယာဉ်ဖြင့် နှစ်နာရီအတွင်း ရန်ကုန်သို့ ရောက်ရှိနိုင်ပြီဖြစ်ကြောင်း၊ ရန်ကုန်မှ ဟားခါးအပြန်ခရီးဆိုပါက မည်သို့မှ မမျှော်မှန်းခဲ့ဖူးသည့် နေ့ချင်းပေါက် ရောက်နေသည်ကို ပြောမယုံ ကြုံမှသိ ဖြစ်နေကြောင်း။

ဆက်သွယ်ရေးအနေဖြင့်လည်း ယခင်က လက်လှည့်တယ်လီဖုန်းအဆင့်သာ ရှိခဲ့ရာမှ ယခုအခါ ချင်းပြည်နယ်မြောက်ပိုင်း ငါးမြို့စလုံးသာမက ကျေးလက်များအထိ အော်တိုတယ်လီဖုန်းများ သုံးစွဲနိုင်နေပြီဆိုသည်ကို ယခုအခမ်းအနား ကျင်းပနေသည့် ရမ်ထလိုရွာသားများကိုယ်တိုင် ပြည်ပသို့ ရွာမှပြောနေနိုင်ခြင်းက ကိုယ်တွေ့ပဲဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍမှာလည်း ပြည်နယ်မြို့တော် ဟားခါး၌ ယခင်က ခုတင် ၁၀၀ ဆံ့ဆေးရုံနှင့် ဆရာဝန်ရှားပါးနေရာကနေ ယခုအခါ ပြည်နယ်အဆင့် ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးနှင့် အထူးကုသမားတော်ကြီးများနဲ့ ဆေးကုသမှုများကို စိတ်လက်အေးချမ်း စရိတ်သက်သာစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ခံစားနေရပြီဖြစ်ကြောင်း။

ပညာရေးအနေဖြင့် ချင်းပြည်နယ်မြောက်ပိုင်း၏ တံခါးဝ၌ အဆင့်မြင့်ပညာရပ်များကို သင်ယူနိုင်သည့် တက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်နှစ်ခုတို့ကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် မိမိတို့ရင်သွေးများ၏နောင်ရေး စိတ်အေးနေရပြီဖြစ်ကြောင်း၊ ထို့အပြင် မဏိပူရမြစ်ရေလှောင်တမံစီမံကိန်း ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဤရေလှောင်တမံစီမံကိန်းကြီး ပြီးသွားပါက ရေအားလျှပ်စစ် ၅၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မှာဖြစ်သည့်အတွက် ချင်းပြည်နယ် မြောက်ပိုင်းသာမက စစ်ကိုင်းတိုင်းအချို့ဒေသများ၊ မကွေးတိုင်းအချို့ဒေသများအထိ နေ့ညမခြား မီးရောင်ထိန်ထိန်ဖြင့် မြင်တွေ့ရ တော့မှာဖြစ်ကြောင်း၊ ထို့အပြင် ရေလှောင်တမံကြောင့် ချင်းပြည်နယ် မြောက်ပိုင်း၏ စပါးကျီဖြစ်သော ကလေးဒေသ မြစ်သာလွင်ပြင် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး ဧကတစ်သိန်းကို သီးထပ်စိုက်ပျိုးနိုင်တော့မှာဖြစ်သည့်အတွက် ဝမ်းစာဖူလုံသည့် မိမိတို့ဒေသအတွက် များစွာဝမ်းမြောက်စရာဖြစ်ကြောင်းနှင့် တပ်မတော်အစိုးရက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို အသင်းကြီးနှင့်အတူ လက်တွဲပြီး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဗန်လျန်ကြွယ်က တင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသည့် သမိုင်း၏ သင်ခန်းစာများကို ရယူရင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝရ ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို အဓိက ဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် ပြည်ထောင်စု တိုင်းရင်းသား အချင်းချင်း အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန်သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ ယနေ့ချိန်ခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နံတစ်လျား၌ ငြိမ်းချမ်းရေးအရသာကို ပြည်သူများ ပြည့်ပြည့်ဝဝ ခံစားနေကြရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားအားလုံး၏ စုပေါင်းအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများအထိ ဖွံ့ဖြိုးမှုအသီးအပွင့်များ ခံစားနေရပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ အချိန်အခါကောင်းတွင် ရှိရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို ပိုမိုရှင်သန် ခိုင်မာသည်ထက် ခိုင်မာစေအောင် ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မွန်မြတ်မြင့်မားသော အမျိုးသားရေးဦးတည်ချက်များဖြင့် ကျင်းပသွားမှာဖြစ်ရာ ဝမ်းပန်းတသာကြိုဆို ဂုဏ်ပြုအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကောလ်လျန်ထန်းက တင်ပြရာတွင် ခေတ္တရပ်နားထားသည့် အမျိုးသားညီလာခံကြီးကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပတော့မှာဖြစ်ကြောင်း၊ ဤအမျိုးသားညီလာခံကြီးတွင် အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံကြီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါဝင်ရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ကိုယ်စားလှယ်များက တက်ညီလက်ညီ ဆောင်ရွက်ကြမှာဖြစ်ကြောင်း သိရှိရကြောင်း။

အမျိုးသားညီလာခံကြီး၌ လူတန်းစားအစုံအညီ၊ တိုင်းရင်းသားလူမျိုးနွယ်စုအစုံအညီ၊ ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အစုံအညီ ပါဝင်ကြသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ဤမျှစုံညီသည့် ညီလာခံကြီးကို အဖွဲ့အစည်းတစ်ခုကြောင့် ပျက်ပြယ်မည်ဆိုလျှင် တရားမျှတမှုရှိမှာမဟုတ်ဘူးဆိုတာ အားလုံးသိရှိကြစေရေးအတွက် ဤနေရာကနေ တိုင်းရင်းသားတစ်ဦး အနေဖြင့် တင်ပြလိုပါကြောင်း။

မိမိတို့ ချင်းပြည်နယ်ကနေ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များ အခြေအနေကိုလည်း တင်ပြလိုကြောင်း၊ မိမိတို့ ချင်းတိုင်းရင်းသားများကိုယ်စား နိုင်ငံရေးပါတီအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦး၊ ရွေးချယ်ခံ ပုဂ္ဂိုလ်များမှ ကိုယ်စားလှယ်တစ်ဦး၊ တိုင်းရင်းသားလူမျိုးများမှ ကိုယ်စားလှယ် ၁၃ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ်နှစ်ဦးနှင့် အလုပ်သမားကိုယ်စားလှယ်မှ တစ်ဦး၊ စုစုပေါင်း ၁၈ဦးတို့က ချင်းပြည်နယ်ကိုယ်စားပြုပြီး ဤအမျိုးသားညီလာခံကြီး၌ တက်တက်ကြွကြွ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

မိမိတို့ ချင်းတိုင်းရင်းသားများသည် ပြည်ထောင်စုမြန်မာနိုင်ငံကြီး၏ တိုင်းရင်းသား လူမျိုးနွယ်စုတစ်စုအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည် တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိကြောင်း ပြောကြားလိုကြောင်း၊ ထို့ကြောင့် မိမိတို့ ချင်းတိုင်းရင်းသားများသည် ညီနောင်တိုင်းရင်းသားများနှင့်အတူ ဤအမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် တာဝန်ရှိကြောင်းနှင့် အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် ကျရာကဏ္ဍကနေ တာဝန်ယူဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးဇထန်းက တင်ပြရာတွင် မိမိတို့ ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးမှု အခြေအနေများကို အနည်းငယ် တင်ပြလိုကြောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ နယ်စပ်ဒေသရှိ လူငယ်များအတွက် လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုကျောင်းများ ဆောက်လုပ်ရန် လုပ်ငန်းရှစ်ခုအတွက် ငွေကျပ်၆၇၈ သိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ စုစုပေါင်းလုပ်ငန်း ၁၃ ခုအတွက် ငွေကျပ် ၈၆ သိန်းခွင့်ပြုပြီး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် နိုင်ငံတော်နှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် ကျောင်းခေါက်ကျောင်း ဥပမိရပ်ကောင်းမွန်ရေးအတွက် ငွေကျပ် ၄၂ သိန်း၊ အခြေခံပညာမူလတန်းကျောင်း ၇၄ ကျောင်း၌ ပရိဘောဂများပြုလုပ်ရန် ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ သစ်ခွဲသား တန် ၁၀၀၊ ကျေးလက်ချင်းဆက် လမ်းလေးလမ်း အရှည် ၂၄ မိုင်၊ တံတားခြောက်စင်းအတွက် ငွေကျပ်ရှစ်သိန်း ရှစ်သောင်း၊ ကျေးလက်မီးလင်းရေးအတွက် ကျေးရွာရှစ်ရွာ၌ ရေအားလျှပ်စစ်စက်ရုံရှစ်ရုံကို ငွေကျပ် ၁၀၂ ဒသမ ၈ သိန်းနှင့် စိုက်ပျိုးရေးရရှိရေးအတွက် လေးနေရာ၌ ငွေကျပ် ၁၁ ဒသမ ၇ သိန်း၊ ကျေးလက်နေပြည်သူ လူထုအသိပညာမြင့်မားရေးအတွက် လေးနေရာ၌ ရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တုစလောင်း တန်ဖိုး ၁၁ ဒသမ ၈ သိန်းဖိုးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြနှင့် ကျေးလက်ကွာဟမှု နည်းနိုင်သမျှ နည်းအောင် အဘက်ဘက်က ဆောင်ရွက်ပေးနေသကဲ့သို့ မိမိတို့ကလည်း နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တစ်တပ်တစ်အား ပါဝင်ထမ်းရွက်ကြမည်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလာလ်သင်မန်က ကျေးရွာချင်းဆက် လမ်းလေးလမ်း အရှည် ၂၄ မိုင်နှင့် တံတားခြောက်စင်း ဆောက်လုပ်ရန်အတွက် လှူဒါန်းခဲ့သည့် ငွေကျပ် ၈ ဒသမ ၈ သိန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်အားလည်းကောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၇၄ ကျောင်းတွင် ပရိဘောဂများပြုလုပ်ရန်အတွက် ငွေကျပ် ၃၅ သိန်းဖိုးရှိ သစ်တန် ၁၀၀ လှူဒါန်းခြင်းနှင့် ကျောင်းခေါက်ကျောင်း ဥပမိရပ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ငွေကျပ် ၄၂ ဒသမ ၃ သိန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဟားခါးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရာလ်ခမ်းက ခရိုင်ပညာရေးမှူး ဦးထိမင်းအားလည်းကောင်း၊ ငွေကျပ် ၁၀၂ ဒသမ ၈ သိန်းရှိ ရေအားလျှပ်စစ်စက်ရုံရှစ်ခု တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သော စာရွက်စာတမ်းများကို ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇထန်းက ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးမြင့်မောင်အားလည်းကောင်း ပေးအပ်ပြီး အခြေခံပညာအထက်တန်းကျောင်းခွဲ ရမ်ထလိုတွင် အသုံးပြုရန်အတွက် နယ်မြေတာဝန်ခံ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သူရအောင်ကို လှူဒါန်းသည့် ကွန်ပျူတာတစ်စုံကို ရမ်ထလို အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးကောလ်လျန်ထန်းကလည်းကောင်း၊ ရမ်ထလိုကျေးရွာသို့ လှူဒါန်းသည့် ရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တုစလောင်းတစ်စုံကို ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလျန်တပ်ကလည်းကောင်း လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းတို့နှင့် စပ်လျဉ်း၍ ဟားခါးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဆွီးမဲန်းတီာလ်က ထောက်ခံတင်ပြသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် ထောက်ခံခြင်းအဆိုများနှင့် စပ်လျဉ်း၍ ပြည်သူလူထုက သဘောတူညီကြောင်း တစ်ခဲနက် ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ပြီး အခမ်းအနား နံနက် ၁၁ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)



**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် ရမ်ထလို စံပြကျေးရွာ၌ ကျင်းပရာ သဘာပတိ ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတမ်အောင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ပြည်သူတစ်ရပ်လုံး အသိပညာ၊ ဗဟုသုတပြန့်ပွားရေး ဆောင်ရွက်ပေး မဟုတ်မမှန်ဝါဒဖြန့်မှုများ၊ အဖျက်အမှောင့်လုပ်ရပ်များကို တုံ့ပြန်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၉

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးရုံးအဖွဲ့မှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဦးစီးဌာနမှ ဆုရဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ပြန်ကြားရေး ဝန်ကြီးဌာနပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ကြောင်း၊ နှစ်ပတ်လည်အခမ်းအနားကို ရည်ရွယ်ချက် နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်ဖြစ်သည့် မိမိဌာနအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး နောင်နှစ်တွင် အားနည်းချက်များ နည်းနိုင်သမျှနည်းအောင်၊ အားသာချက်များ အားသာသည်ထက် အားသာအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ဒုတိယ ရည်ရွယ်ချက်ဖြစ်သည့် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်၊ ဆုပေးထိုက်သူများကို ဆုပေးခြင်းဖြင့် ဌာနလုပ်ငန်းများ ပိုမိုတိုးတက်အောင်၊ ပိုမိုစည်းလုံးညီညွတ်မှုရလာအောင်၊ လုပ်ငန်းများ ပိုမိုသွက်လက်ထက်မြက်လာအောင်၊ အားသစ်အင်သစ်များပိုမိုတိုးပွားလာအောင် "ဌာနအတွင်း ယှဉ်ပြိုင်မှုနှင့် တိုးတက်ရမည်"၊ "ယှဉ်ပြိုင်မှုရှိမှ တိုးတက်မည်" ဆိုသည့်အတိုင်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွနှင့် ကြိုးစားလိုစိတ်၊ ယှဉ်ပြိုင်လို စိတ်များ ပေါ်ထွန်းလာစေရန် ကျင်းပခြင်းဖြစ်ကြောင်း။

၎င်းရည်ရွယ်ချက်များအတိုင်း ဝန်ထမ်းများသည် ဝန်ကြီးဌာနက ချမှတ်ထားသောဝန်ထမ်းများလိုက်နာရမည့်ဝန်ထမ်းကျင့်ဝတ်(၁၄)ချက်နှင့်အညီ ယခင်နှစ်များထက် ပိုမိုကြိုးစားဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ ထိုသို့ ကြိုးစားဆောင်ရွက်မှသာ ဌာနတွင်းတိုးတက်မည်ဖြစ်ကြောင်း၊ ပြန်ကြားဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတာဝန်ထမ်းဆောင်ကြသူများဖြစ်၍ လုပ်သားပြည်သူတစ်ရပ်လုံး အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတပြန့်ပွားရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

## ကျေးရွာစာကြည့်တိုက်

မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက်နေ ပြည်သူများ ဗဟုသုတပိုမိုကြွယ်ဝစွာဖြင့် မှန်မှန်ကန်ကန်တွေးခေါ်တတ်အောင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ယခုလာမည့် ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း မိမိတို့ဝန်ကြီးဌာနမှ ရည်မှန်းချက်တာဝန်(၇)ရပ်ချမှတ်ထားကြောင်း၊ ယင်းတို့မှာ နိုင်ငံတော်မှ ချမှတ်ထားသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြန်ကြားရေးကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊နယ်စပ်ဒေသများပါ Media Cover ဖြစ်ရေး၊ ပြည်တွင်းသာမက ပြည်ပကိုပါ မိမိတို့ပြန်ကြားရေးကဏ္ဍများ ထိုးဖောက်ရေး၊ သွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားသော Media ဖြစ်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အလေးထားလိုက်နာဆောင်ရွက်ရေး၊ ပြည်တွင်းငွေသာမက နိုင်ငံခြားဝင်ငွေ ပိုမိုရရှိအောင် တိုးတက်ရှာဖွေရေးနှင့် ခြိုးခြံချွေတာရေး စသည့် ရည်မှန်းချက် တာဝန်များဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ အောင်မြင်ရေး အတွက် ဝန်ထမ်းများက အလေးထား ဆောင်ရွက်ကြရန် လိုကြောင်း။

## တုံ့ပြန်ရှင်းလင်း

ထို့ပြင် ပြည်တွင်းပြည်ပ အဖျက်သမားများက ခေတ်သစ်နည်းဖြင့် ကျွန်ပြုချင်ကြသူများအကြိုက်နိုင်ငံတော်ရှေ့သွားမည့် မူဝါဒ(၇)ရပ်နှင့် အမျိုးသားညီလာခံကြီးကို မအောင်မြင်အောင် မဟုတ်မှန်ဝါဒဖြန့်လုံ့ဆော်လျက်ရှိရာ ဝန်ထမ်းများက ပြည်သူများအား အမှန်ကိုသိမြင်နိုင်အောင်၊ အဖျက်အမှောင့် သမားများ၏ အဖျက်လုပ်ရပ်များကို နားလည်သဘောပေါက်အောင် တုံ့ပြန်ရှင်းလင်းရန် လိုအပ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၀၅–၂၀၀၆ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များမှာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးနှင့် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် Media Cover နည်းဖြင့် စည်းရုံးဆောင်ရွက်ရေး၊ ဖွင့်လှစ်ရန်ကျန်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၅–၂၀၀၆ခုနှစ်ဘဏ္ဍာရေးနှစ်တွင် အားလုံးဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဍာန်နှင့် အနှစ်သာရပါတိုးတက်ရေးနှင့် ဖြန့်ဝေရေး စနစ် ခိုင်ခိုင်မာမာ ထူထောင်ရေး၊ ကျေးရွာတိုင်း သတင်းစာနှင့်ဂျာနယ် မဂ္ဂဇင်းများ အနည်းဆုံး တစ်စောင်စီ ရောက်ရှိရေး၊ ကျေးရွာတိုင်းအနည်းဆုံး ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးရှိအောင် စည်းရုံးဆောင်ရွက်ရေး၊ အိမ်ထောင်စုတိုင်းရေဒီယိုတစ်လုံးစီရှိအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ပင်ဖြစ်ကြောင်း။

## ထိထိရောက်ရောက်

ဦးစီးဌာန၏ မူလတာဝန်များ ဖြစ်သည့် ကျေးရွာ/ရပ်ကွက်၊ မြို့နယ်များသို့သွားရောက်ပြီး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ရေး၊ ခရိုင်နှင့်မြို့နယ်ရုံးများ၌ စာဖတ်သူ၊ စာအုပ်ငှားသူ၊ ရုပ်မြင်သံကြား ကြည့်ရှုသူများ အရေအတွက် ပိုမိုများပြားလာစေရန် ဆောင်ရွက်ရေး၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ ခရိုင်နှင့်မြို့နယ်ရုံးများ၏ Mediaလုပ်ငန်းများသွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားအောင် ဆောင်ရွက်ရေးဟူသည့်ဌာန၏ရည်မှန်းချက်များကို ဝန်ထမ်းများအလေးထား ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း ၊ ဆုရဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဆုမရရှိသေးသည့် ဝန်ထမ်းများအနေဖြင့်လည်း ကောင်းသောယှဉ်ပြိုင်မှုဖြင့် ဆုရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုများကို ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စံပြခရိုင်ရုံး ပထမဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးအုန်းခိုင်၊ စံပြမြို့နယ်ရုံး ပထမဆုရ ကျောက်ပန်းတောင်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးစံမြို့၊ ဘွဲ့ထူးဂုဏ်ထူး ဆုရရှိကြသူများဖြစ်ကြသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ လက်ထောက် ညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေနှင့် ပုဇွန်တောင်မြို့နယ်ရုံးမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိန်လှိုင်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က Media လုပ်ငန်းများ သွက်လက်ထက်မြက်စွာ အများဆုံး ဆောင်ရွက်နိုင်သည့် ခရိုင်ရုံးများကိုယ်စား ပထမဆုရရှိသော သာယာဝတီခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်အေး၊ Media လုပ်ငန်းများ သွက်လက်ထက်မြက်စွာ အများဆုံး ဆောင်ရွက်နိုင်သည့် ဆုရမြို့နယ်ရုံးများကိုယ်စား ပထမဆုရ ကျောက်ပန်းတောင်း မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးစံမြို့နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အများဆုံးဖွင့်လှစ်နိုင်သည့် ခရိုင်နှင့် မြို့နယ်ရုံးများကိုယ်စား ပထမဆုရ ဒေးဒရဲမြို့နယ်ရုံးမှ ဒုတိယ ဦးစီးမှူး ဦးစန်းလှိုင်တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ရေဒီယိုနှင့်ရုပ်မြင်သံကြားဖမ်းစက် ရရှိရေး အများဆုံး စည်းရုံးဆောင်ရွက်နိုင်မှု ဆုရ မြို့နယ်ရုံးများကိုယ်စား ပထမဆုရ လှိုင်းဘွဲ့မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးစောမြရွှေနှင့် ငွေစာရင်းလချုပ် အချိန်မှန်မှန်ပေးပို့နိုင်မှု ဆုရ ခရိုင်ရုံးများ ကိုယ်စား ပထမဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးအုန်းခိုင်၊ စာပေနှင့် ဂီတအနုပညာ ထူးချွန်ဆုရသူများ ကိုယ်စား ပထမဆုရ ရုံးချုပ်မှ စာပေ လက်ထောက်(၁)ဦးလှထွဋ်ဦး၊အားကစား သင်တန်းနှင့် သီချင်းရေးသားသူ ဆုရရှိသူများကိုယ်စား ပထမဆုရအလုံမြို့နယ် ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မမနှင့် ဝန်ထမ်းမိသားစုများက ပညာထူးချွန်နှင့် အာဆီယံဉာဏ်စမ်းပဟေဠိဆုရရှိသူများ ကိုယ်စား ပထမဆုရ ပါရဂူဘွဲ့ယူရန် မဟာသုတေသနသင်တန်းတက်ရောက် နေသောမဝင်းသန္တာမြင့်တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူ ဝန်ထမ်းများ ကိုယ်စား ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ဦးစီးအရာရှိဦးအုန်းခိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူး ချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# အားကစားနည်းသုံးမျိုး ပြိုင်ပွဲကျင်းပရေးညှိနှိုင်း

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့၊ကန်တော်ကြီး၌ကျင်းပမည့် ရေကူး၊ စက်ဘီး၊ အပြေး အားကစားနည်း သုံးမျိုး (Trithalon) ပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အားကစားအဖွဲ့ချုပ် သုံးခုမှ အားကစားနည်းသုံးမျိုး ပေါင်းစပ်၍ ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာ အားကစားနည်းများအလိုက် အချိတ်အဆက်မိမိ ပါဝင်ယှဉ်ပြိုင်၊ ပြိုင်ပွဲကျင်းပသွားနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးတင်ပြရန်ဖြစ်ကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ပထမအကြိမ် (Trithalon) အားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်အားကစားသမားများနှင့် ဒိုင်လူကြီးများသည် ရေကူးလမ်းကြောင်း၊ စက်ဘီးလမ်းကြောင်းနှင့် အပြေးလမ်းကြောင်းတို့ကို ကြိုတင်သိရှိ လေ့လာနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ကရဝိက် နန်းတော် (ကန်တော်ကြီး) ရှေ့သို့ မပျက်မကွက် လာရောက်ကြရန် သက်ဆိုင်ရာ အဖွဲ့ချုပ်များက ကြေညာထားသည်။

(သတင်းစဉ်)

# ဆေးပညာရှင်အဖွဲ့စုံညီ အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၅ ခုနှစ် ဆဋ္ဌမနှစ်ပတ်လည် စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီခွဲအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စုံညီအစည်းအဝေးတွင် ဆေးပညာရှင်အဖွဲ့၏ လုပ်ငန်းရပ်များဆိုင်ရာ ဆွေးနွေးဟောပြောပွဲအဖြစ် "An Expose on Vision 2020" ကို ဆွေးနွေးတင်ပြကြမည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များအနေဖြင့် နံနက် ၈ နာရီမှ စတင်မှတ်ပုံတင်နိုင်သည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၁၀–၂–၂၀၀၅ (ကြာသပတေးနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –Time,Space and Travel (ဒုတိယနှစ်–ပထဝီဝင်အထူးပြု)
- ၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း–၂၁)**
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း–၁၀)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြန်မာ့ရှုခင်း
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ရွှေမင်းသမီး" (အပိုင်း–၃)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။





## ကမ္ပည်းမော်ကွန်း စက်ခလုတ်နှိပ်ဖွင့်လှစ်

မြန်မာနိုင်ငံ ပညာရေးဝန်ကြီး ဦးချန်ညီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရကွန်ပျူတာ ကောလိပ် (ကျိုင်းတုံ) ပင်မ အဆောက်အအုံသစ် ကမ္ပည်း မော်ကွန်းကြေးပြားကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုရှိမှ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်
# ယနေ့တွင် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို တိုင်းရင်းသားအားလုံး မျှဝေခံစားနေရပြီ

## အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၉

**၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီ ၁၅မိနစ်တွင် အဆိုပါ အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ)၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဦးချန်ညီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ စည်တော်အဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါပင်မဆောင်ရှေ့၌ကျင်းပရာ အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ⇨**

## အစိုးရကွန်ပျူတာကောလိပ် (ကျိုင်းတုံ)

အစိုးရကွန်ပျူတာကောလိပ် (ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ကို ဤသို့ လှပခံ့ညားစွာ တွေ့မြင်ရသည်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

## အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

*တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကမူ ပြည်ထောင်စုကြီး၌ အရေးကြုံလာတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်မည့်သူမှာ တပ်မတော်မှတစ်ပါး အခြားမရှိဟု သမိုင်းအစဉ်အလာကို သိထားကြသူများဖြစ်သည်။*


* သီဟအောင်၏ **“စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ပဲခူးတိုင်း”**(ဆောင်းပါး) စာမျက်နှာ(၈-၉-၁၀-၁၁)
* မြင်းမူမောင်နိုင်မိုး၏ “ **ပျားနှင့်ယင်**” (ကဗျာ) စာမျက်နှာ (၃)
* ကာတွန်း (မောင်ချစ်ကောင်း) စာမျက်နှာ (၇)